


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသောတရားတော်

# မဂ်ဉာဏ်မရနိုင်တာ၊ ရှစ်နေရာ

(သုညတ ၊ တရားတော်)

(၉ ၊ ၄ ၊ ၆၀)

၁၃၇

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့တွင်ဟောကြားတော်မူသော

# မဂ်ဉာဏ်မရနိုင်တာ ရှစ်နေရာ

## (သုညတ တရားတော်)

(၉-၄-၆၀)

စာမူခွင့်ပြုချက် အမှတ် - ၁၄၅/ ၂၀၀၁ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၈၀/ ၂၀၀၁ (၅)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၃၀၀၀
ခုနှစ် - ၂၀၀၁ ခုနှစ်၊ မတ်လ
တန်ဖိုး - (     )

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားသောတရားတော်

# မဂ်ဉာဏ်မရနိုင်တာ ရှစ်နေရာ

## (သုညတ တရားတော်)

(၉-၄-၆၀)

ဒကာ ဒကာမတို့ ယခု ဘယ်ကလာကြတာလဲဆိုရင်၊ ဩော်. . . ပဋိသန္ဓေ အမိဝမ်းခေါင်းထဲက လာကြတယ်ဆိုတာ၊ ဒကာ ဒကာမတွေ ဖြေကြမှာပဲ . . . (မှန်ပါ)။

ယခု ဘာဖြစ်နေသတုံး မေးလို့ရှိရင်၊ တပည့်တော်တို့ အိုခြင်းဆိုး ဖြစ်နေတယ်လို့ပဲ ဖြေကြမှာ . . . (မှန်ပါ) ရှေ့ ဘယ်များတပည့်တော်တို့ လှမ်းရမှာပါလိမ့်မလဲလို့ မေးလို့ရှိရင်၊ နာခြင်းဆိုးဘက် သွားမှာပဲဘုရား၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒီကနေပြီး ရှေ့ဘယ်များ တစ်ဆင့်ခုန်ပြီး ကူးကြဦးမှာတုံးဆိုတော့၊ သေခါနီး သေခြင်းဆိုးဘက် သွားကြမှာ. . . (မှန်ပါ) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒီကနေပြီး၊ ဘယ်များဆက်လက်ပြီး သကာလ၊ သွားကြပါဦးမလဲလို့ မေးတဲ့အခါကျတော့၊ သုညတဖြစ်တဲ့ တရားကို မနာရလို့ရှိရင်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့ လို့ရှိရင်ဖြင့်၊ ဒကာ ဒကာမတို့ အမိဝမ်းခေါင်းထဲ ဇာတိဒုက္ခဘက် ပြန်လှည့်လို့ ဆိုရမှာပဲ . . . (မှန်ပါ)။

ဒါဖြင့် ဒကာ ဒကာမတို့၊ ဘယ်များကျုပ်တို့သည် ကားလို့ဆိုလို့ရှိရင်ဖြင့်၊ ဒီဒုက္ခလေးချက်မှတစ်ပါး ဘယ်များအဆုံးသတ်စရာ ရှိသေးသတုံးဆိုလို့ရှိရင်ဖြင့်၊ ဘယ်မှအဆုံးသတ်စရာမရှိတော့ဘူး။

## ကိုယ့်ဘဝ၊ ကိုယ့်ခဏ၊ အဖိုးတန်ပုံ

ဒါကြောင့် ဒကာ ဒကမတွေ ကိုယ့်ဘဝ၊ ကိုယ့်ခဏလေး အဖိုးတန်ပုံကို နားထောင်ကြည့်ပါဦး၊ ဒါလေး အလွဲသုံးစားမလုပ်လိုက်ပါနဲ့လို့ ဒကာ ဒကာမတွေ ဆုံးမတယ်နော်. . . (မှန်ပါ)။

ကိုယ့်ဘဝ၊ ကိုယ်ခဏလေးဟာ အားလုံးဆရာဘုန်းကြီးများ အင်္ဂုတ္တိုရ်ပါဠိတော်မှာ၊ သေသေချာချာ ကိုယ်တော်မြတ်ကြီးက ဟောလို့၊ ဒကာ ဒကာမတွေ ခင်ဗျားတို့ ရောင်းဝယ်ဖောက်ကားပြီး သကာလနေတာ၊ ပျော်ရွှင်နေတာကို ဘုန်းကြီးများသည် ကျန်းကျန်းမာမာ ချမ်းချမ်း

သာသာနဲ့ နေတဲ့အတွက်၊ အလွန်ဝမ်းသာပါတယ်၊ ဦးခန့် ဝမ်းသာတယ်နော်. . . (မှန်ပါ့)။

ထိုကဲ့သို့ ဝမ်းသာငြားသော်လည်း၊ တော်တော်ကြာ ကျလာလို့ရှိရင်၊ ဘေးကပုဂ္ဂိုလ်က ကိုယ်ကျိုးနည်းတော့လည်း ဆိုးဝါးလိမ့်မယ်. . . (မှန်ပါ့)။

ဝမ်းသာတဲ့ပုဂ္ဂိုလ်ကတော့ဖြင့် ကျန်းမာလို့ ချမ်းသာလို့၊ အရောင်းနဲ့ အဝယ်နဲ့ နေကြထိုင်ကြပြီဆိုရင်၊ ဘေးက ကြည့်ရတာအလွန် ဝမ်းသာပါတယ်။

သို့သော်လည်း၊ ဝမ်းသာသလောက်ပဲ ကိုယ့်ခဏလေးကို အလွဲသုံးစားလုပ်ပစ်လိုက်မှာ၊ ဘုရားကတော့ သိပ်စိုးရိမ်ပါတယ်. . . (မှန်ပါ့) ကိုယ်ရထားတဲ့ ခဏလေးအလွဲသုံးစား လုပ်လိုက်မှာကို ဘုရားက သိပ်စိုးရိမ်တော်မူတယ်၊ သဘောကျကြပလား. . . (ကျပါတယ်ဘုရား)။

## ရထားတဲ့ဘဝကို အလွဲသုံးစားမလုပ်ပါနဲ့

ကိုယ်ရထားတဲ့ ဘဝခဏလေးကို ဘာတဲ့. . . (အလွဲသုံးစားလုပ်လိုက်မှာကို ဘုရား) အလွဲသုံးစားလုပ်ပစ်လိုက်မှာကို သိပ်စိုးရိမ်တော်မူတယ် ဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ မှတ်လိုက်ပါနော်. . . (မှန်ပါ့)။

ကိုယ်ရထားတဲ့ လူ့ဘဝကလေး၊ မောင်နိုင် လွယ်

လွယ်ကူကူနဲ့ရတယ်လို့ မဟုတ်ပါဘူး. . . (မဟုတ်ပါဘူး ဘုရား) လူ့ဘဝရတာကတော့ လူဖြစ်ခါမှရလာမှ လွယ်လွယ် ကူကူမရလို့ရှိရင်၊ ယျှကဲ့သို့ သစ္စာတရားကို ပုဂ္ဂိုလ်သတ္တဝါ ဆိတ်တဲ့တရားတွေကိုနာရဖို့ ဒါလည်းလွယ်ပါ့မလား. . . (မလွယ်ပါဘူးဘုရား)။

မလွယ်ပြန်ဘူး၊ တစ်ခါလူ့ဘဝထဲရောက်လာတယ်၊ ဟောတတ်တဲ့ ဘုန်းကြီးက၊ ဟောတတ်တဲ့ ဆရာသမားက၊ ဒကာ ဒကာမတို့အား တစ်ခါတည်း မဂ်ပေါက် ဖိုလ်ရောက် ဆိုတဲ့တရားကိုဟောလည်း ဟောနိုင်ပါငြားသော်လည်း၊ ဒကာ ဒကာမတွေမှာ ထောင်တတ်တဲ့နားမပါလို့ရှိရင်လဲ ရနိုင်ပါ့မလား. . . (မရနိုင်ပါဘူးဘုရား)။

ဪ. . . ကိုင်း မရနိုင်တာတွေက၊ လူ့ဘဝလည်း ရပါဦးမှ၊ ထောင်တတ်တဲ့ နားကလည်း ပါပါဦးမှ-နော်. . . (မှန်ပါ့) ထောင်တတ်တဲ့ နားက ဘယ်လိုပင် ပါပြီးသကာ လ နေငြားသော်လည်း၊ သာသနာ ကုန်သွားပြန်တော့ ဘယ့်နှယ့်ဆိုကြမလဲ. . . (မရနိုင်ပါဘူးဘုရား) မရနိုင်ပြန် ဘူး သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကိုင်း-သာသနာကမကုန်သေးပါဘူး၊ ဘုန်းကြီးကပဲ သုညတ တရားတွေ၊ ပုဂ္ဂိုလ် သတ္တဝါဆိတ်တဲ့ တရားတွေ၊ ပုဂ္ဂိုလ် သတ္တဝါမရှိပါဘူးဆိုတဲ့အဖြစ်အပျက် အနိစ္စတွေကို

မောင်နိုင် တို့လူစု၊ ဦးဘလေးတို့ လူစုတို့၊ ဘုန်းကြီးကပင် ပောာနိုင်ပြားသော်လည်း၊ ဒကာ ဒကာမတွေက အသေ စောသွားပြန်ရင်ကော ဘယ့်နှယ့်ဆိုကြမတုံး. . . (မရပါဘူး ဘုရား)။

ဪ. . . ဒါဖြင့် ဒကာ ဒကာမတို့၊ မရမှာနဲ့ရမှာ ဘယ်ဟာကများပါလိမ့် မလဲလို့၊ သေသေချာချာ ဉာဏ်ချိန် ခွင်နဲ့ ချိန်ပြီးတွက်ချက် ကြည့်လိုက်တာပေါ့. . . (မရမှာက များပါတယ် ဘုရား) မရမှာကများတယ်။

## ရုပ်ပြစ်ရှစ်ပါးဆိုတာ

ဘုရားဉာဏ်တော်နဲ့ ကြည့်လိုက်တယ်လို့ ဦးခန့် အသေအချာမှတ်ထားလိုက်. . . (မှန်ပါ့) ဘုရားဉာဏ်တော်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ ခင်ဗျားတို့က ရုပ်ပြစ်ရှစ်ပါးဆိုတဲ့ ဥစ္စာ အင်္ဂုတ္တိုရ်ကလာတယ်နော်. . . (မှန်ပါ့)။

မောင်နိုင်ရေ၊ ဟိုး အသညသတ် ရုပ်ချည့်နေတဲ့ဘုံ၊ အရူပဘုံဆိုတာ နာမ်ချည့်နေတဲ့ဘုံနော်. . . (မှန်ပါ့) အဲဒီဘုံ တွေသွားပြီးဖြစ်နေမယ်ဆိုလို့ ရှိရင်လည်း၊ ယှဉ် မဂ်ဉာဏ် ဖိုလ် ဉာဏ်ရနိုင်ပါ့မလား. . . (မရနိုင်ပါဘူးဘုရား)။

မဂ္ဂ ဗြဟ္မ စရိယအကျင့် ကျင့်နိုင်ပမလား. . . (မကျင့်နိုင်ပါဘူးဘုရား) မကျင့်နိုင်တော့ ဪ (၁) ရုပ်၊

နာမ် မစုံတဲ့ ဘုံသွားဖြစ်နေပြန်လို့ရှိရင်လည်း (၁) နံပါတ် ဒုက္ခ ခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်ကြီးနဲ့ (ဝါ) မဂ်ဉာဏ်ကြီးနဲ့ အလွဲကြီးလွဲရတော့တယ် မဆိုနိုင်ဘူးလား . . (ဆိုနိုင်ပါတယ် ဘုရား)။

ဒါ (၁) နံပါတ် မှတ်တာပေါ့၊ ရုပ်နာမ်မစုံတဲ့ ဘုံမှာ သွားဖြစ်နေလို့. . . (မှန်ပါ့) (၂) ငရဲသွားဖြစ်နေမယ်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘယ်နှယ်လုပ်ပြီး သကာလ၊ သူညတဖြစ်တဲ့တရားနဲ့ နိဗ္ဗာန်သွားမတုံး . . . (မသွားနိုင်ပါ ဘူး ဘုရား) ဩော်. . . နှစ်ခုရှိသွားပြီ. . . (မှန်ပါ့) သဘော ကျပလား . . . (ကျပါတယ်ဘုရား)။

(၃) တိရစ္ဆာန်ဘုံသွားဖြစ် နေမယ်၊ ကဲ- သုညတ ဖြစ်တဲ့ရုပ်နာမ် ဖြစ်ပျက်တွေကို၊ မောင်နိုင်တို့လူစု၊ ကိုမြင့် တို့လူစု၊ ကိုပေါ် တို့လူစု ဘယ့်နှယ့်လုပ် နားထောင်တတ်မတုံး . . . (နားမထောင်တတ်ပါဘူးဘုရား)။

ကျောင်းခွေးတွေရှိတယ် ဒကာ ဒကာမတို့၊ ကျောင်းမှာခွေးတွေရှိတယ်၊ ဒီမှာ ဆရာဘုန်းကြီး နေ့တိုင်း ပြောပါတယ်၊ ဒကာ ဒကာမတွေ လာတဲ့အခါလည်း ပြောပါ တယ်၊ သူတို့လည်းကြားနေတာပဲ၊ ပြောတာကြားတာ ရှိတာပဲတဲ့၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတဲ့ နားမျိုးပါပါရဲ့လား . . . (မပါပါဘူးဘုရား)။

ဒါဖြင့် တိရစ္ဆာန်ဖြစ်နေလည်း၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရတဲ့ ခန္ဓာပဲ. . . (မှန်ပါ့) ခု ဘယ်နှစ်မျိုးရှိသွားတုံး . . . (သုံးမျိုးရှိသွားပါပြီဘုရား)။

ရုပ်နာမ်မစုံ ဗြဟ္မာဘုံက တစ်မျိုးနော်. . . (မှန်ပါ့) ငရဲကတစ်မျိုး၊ တိရစ္ဆာန်ဘုံက တစ်မျိုးနော်. . . (မှန်ပါ့)။

(၄) ပြိတ္တာတွေဖြစ်နေမယ်၊ ကဲ-နှပ်တို့၊ တံတွေးတို့၊ ကျင်ကြီးတွေကို ရှာစားနေရတဲ့ပြိတ္တာတွေဖြစ်နေမယ်၊ မောင်နိုင်ရေ ခုနင်က သုညတ ဖြစ်တဲ့တရား၊ ဖြစ်ပျက်မြင်တဲ့ တရား၊ သစ္စာဆိုက်တဲ့တရား ကြားလို့မှသိနိုင်ပါ့မလား . . . (မသိနိုင်ပါဘူးဘုရား) ဩော် ဘယ်နှစ်မျိုးရှိသွားပတုံး . . . (လေးမျိုးပါဘုရား) လေးမျိုးနော်။

ဒကာ ဒကာမတွေ ဒါမဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်တာတွေပြတာနော်၊ ဦးဘလေး ဘာပြပါလိမ့်. . . (မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်တာပါဘုရား)။

စဉ်စားပါ ဒကာ ဒကာမတို့၊ ကိုယ့်အဖြစ်ကလေးဟာ မည်မျှလောက်အဖိုးတန်ပြီး၊ မည်မျှလောက် အသုံးချသင့်တယ်ဆိုတာ၊ ဒီ ခဏကာလလေးကို မလွန်စေချင်တဲ့ အဓိပ္ပါယ်မျိုး ဘုရားက ပြောနေလို့၊ ဘုန်းကြီးကတစ်ခါ အကူအညီပေးပြီး၊ ဒကာ ဒကာမတို့ ရထားတာလေး အလွဲသုံးစား မလုပ်လိုက်ပါနဲ့၊ တဏှာခိုင်းတာနဲ့ ကျွန်စာရင်း ကျွန်သပေါက်

အဖြစ်နဲ့ပဲ အချိန်ကုန်မနေစေပါနဲ့ ဆိုတာကို ပြောချင်လို့ ဒီခဏတွေထုတ်လာတယ်လို့ မှတ်ပါနော် . . . (မှန်ပါ့)

ဦးဘလေးတို့ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ပေါ်လာပလား . . . (ပေါ်လာပါပြီဘုရား) ခု လေးဌာန မေး[illegible]နိုင် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်တဲ့ နေရာတွေ ရနိုင်သေးရဲ့လား . . . (မ[illegible]နိုင်ပါဘူးဘုရား)။

(၅) တောင်ကြား ခြုံကြားမှာ နေကြတဲ့လူတွေလို ဖြစ်နေရင်၊ ကိုင်း ဒကာ ဒကာမတို့ သညတ မဂ္ဂဗြဟ္မစရိယ ဒီ သစ္စာတရား နားထောင်လည်း ကြားရမှာလည်းမဟုတ်ပါဘူး၊ ကျင့်နိုင်မယ်လည်း မဟုတ်ပါဘူး၊ ကျင့်ရမယ်လို့လည်း သိမှာ မဟုတ်ပါဘူး လူတော့ဖြစ်တာပါပဲ. . . (မှန်ပါ့)။

တောင်ကြား ခြုံကြားမှာဖြစ်တဲ့ လူတွေဆိုရင် ဘယ့်နှယ့်ဆိုကြမတုံး . . . (မရနိုင်ပါဘူးဘုရား) အင်း ငါးပါး ရှိသွားပြီနော်. . . (မှန်ပါ့) သဘောကျကြလား . . . (ကျပါတယ် ဘုရား)။

ကောင်းပြီ၊ ဒကာ ဒကာမတို့တဲ့၊ တစ်ခါ၊ ဒါက တောင်ကြား ခြုံကြားတွေမှာ ဖြစ်နေလို့၊ အင်း-တောင်ကြား ခြုံကြားမှာ လူဖြစ်နေရတဲ့အတွက် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဘယ်လိုဟောဟော. . . မရနိုင်တဲ့ဥစ္စာကိုလည်း၊ ဒါ ဘုရား ဟောတော်မူတယ်နော်. . . (မှန်ပါ့) ဘယ်နှစ်မျိုးရှိသွားတုံး

. . (ငါးမျိုးရှိသွားပါပြီဘုရား)။

(၆) တစ်ခါ ဘုန်းကြီးက၊ ဟော့- ဟောဒီ ဝေဒနာလေးဟာ၊ ပုဂ္ဂိုလ်လည်းမဟုတ်ဘူးကွ၊ သတ္တဝါလည်းမဟုတ်ဘူးကွ၊ ပုဂ္ဂိုလ် သတ္တဝါမှ ဆိတ်တဲ့ သုညတဟော့လို့၊ ဘယ်လိုပင်ပြော ပြောနားမလည်တဲ့ ပုဂ္ဂိုလ်များတော့ မောင်နိုင်မရှိပေဘူးလား . . ., (ရှိပါတယ်ဘုရား)။

အဲဒီကဲ့သို့ သုညတ တရားကို နားမပါတဲ့ ပုဂ္ဂိုလ်ဟာလည်း၊ ဒကာ ဒကာမတို့ ဘယ်တော့မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကို မရောက်နိုင်ဘူးတဲ့. . . (မှန်ပါ)

ဒီ သုညတ တရားကို မနာနိုင်လို့ရှိရင်. . . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

ပုဂ္ဂိုလ် သတ္တဝါ ဆိတ်တဲ့ တရားကို မနာရလို့ရှိရင်၊ အားလုံးနောက်က ဒကာ ဒကာမတွေ၊ ဘယ်နည်းနဲ့မှ မဂ်ဖိုလ်မဆိုက်ဖူးဆိုတာ မှတ်လိုက်ပါ. . . (မှန်ပါ)။

ပုဂ္ဂိုလ် သတ္တဝါရှိနေကတည်းက၊ ဘယ်ကလာပြီး သက္ကာယဖြစ်ပျက် အနိစ္စတို့၊ ဖြစ်ပျက်ဒုက္ခ သစ္စာတို့၊ ဝိပရိနာမ ဒုက္ခသစ္စာတို့ ဘယ်ကလာပေါ်တော့မတုံး . . . (မပေါ်ပါဘူးဘုရား)။

ဒုက္ခသစ္စာမှုမပိုင်းခြား ပိုင်ပိုင်နိုင်နိုင်မသိတဲ့ ပုဂ္ဂိုလ်ဟာ၊ ဘယ်မှာသာလျှင် မဂ္ဂသစ္စာ ဖြစ်နိုင်ပါမတုံး . . . (မဖြစ်

နိုင်ပါဘူးဘုရား) ဘယ်မှာသာလျှင် သမုဒယသစ္စာ သေနိုင်ပါ့မလဲ. . . (မသေနိုင်ပါဘူးဘုရား) ဘယ်မှာသာလျှင် သမုဒယမသေရင် နိဗ္ဗာန်ရောက်ကြီးဟာ ဘွားကနဲပေါ်နိုင်ပါ့မလား . . . (မပေါ်နိုင်ပါဘူးဘုရား)။

ဒါဖြင့် သုညတ မနာရလို့ရှိရင်၊ ဘယ်တော့မှ မဂ်ဖိုလ်မရလို့ ဒကာကြီးလိုင် သေချာမှတ်လိုက်စမ်း . . . (မှန်ပါ့) သုညတ တရားကို မနာရလို့ . . . (မှန်ပါ့)။

## ပုဂ္ဂိုလ်သတ္တဝါဆိတ်တဲ့တရားမှမဂ်ဉာဏ်ရမယ်

ပုဂ္ဂိုလ်သတ္တဝါဆိတ်တဲ့တရားကို မနာရလို့ရှိရင် ဘယ်တော့မှ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရလို့၊ အင်္ဂုတ္တိုရ် ပါဠိတော်မှာ သေသေချာချာ ဟောလေတယ်. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒါဖြင့် သုညတ တရားကိုရုပ်နာမ်သာရှိတယ်၊ ပုဂ္ဂိုလ်သတ္တဝါမရှိဘူး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသာရှိတယ် (ဝါ) ဒုက္ခသစ္စာသာရှိတယ်၊ ပုဂ္ဂိုလ် သတ္တဝါ မရှိဘူးဆိုတဲ့တရားကို၊ နာလည်းမနာရ ကျင့်လည်းမကျင့်ရလို့ရှိရင်၊ ဘာလှုလို့ ဘာတန်းတန်း မဂ်ဖိုလ်မရောက်ဘူး. . . (မှန်ပါ့)။

မရောက်နိုင်ဘူး၊ သုညတမပါလို့ မရဘူး (မှန်ပါ့) သဘောပေါက်ကြပလား. . . (ပေါက်ပါပြီဘုရား) မရနိုင်ဘူး

တဲ့၊ ဒီဥစ္စာတွေအင်မတန် အရေးကြီးနေတယ်ဆိုတာ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဘယ်နှစ်ခုရှိပြီလဲ (ခြောက်ခုရှိပါပြီဘုရား) ခြောက်ခုရှိသွားပြီတဲ့ (၇) သုညတ တရားတော့ ဒကာ ဒကာမတို့၊ သုညတ တရာသည်ကား ဆိုလို့ရှိရင်၊ နာနိုင်တဲ့နား၊ ထောင်နိုင်တဲ့နားမရှိလို့ရှိရင်လည်း၊ ဘယ်လိုပင်လူဖြစ်နေငြားသော်လည်း မောင်နိုင်အလကားပဲနော်. . . (မှန်ပါ့)။

(၈) ဘုရားမပွင့်တဲ့အခါမှာ၊ ကျုပ်တို့ကလူဖြစ်နေပြန်တော့လည်းဘယ့်နှယ့်ဆိုကြမလဲ. . (မရနိုင်ပါဘူးဘုရား) မရနိုင်ဘူးတဲ့ ဒကာ ဒကာမတို့၊ ဘုရားမပွင့်တဲ့အခါမှာ လူဖြစ်နေလို့ရှိရင်လည်း ဘယ့်နှယ့်ဆိုကြပါ့မတုံး . . . (မရနိုင်ပါဘူးဘုရား)။

ဘုရားပွင့်ပြီးသကာလ နေငြားသော်လည်းတဲ့၊ ခုနင်ကပြောခဲ့တဲ့ ဒကာ ဒကာမတွေသိပြီးသားအတိုင်း၊ သုညတတရားတွေနာလို့မရပဲနဲ့ နေခဲ့လို့ရှိရင်လည်း အလကားပဲဆိုတာ သဘောကျပလား . . . (ကျပါပြီဘုရား) ။

## မင်္ဂဉာဏ်မရနိုင်တာ၊ ရှစ်နေရာ

ဒါကြောင့် ဒကာ ဒကာမတွေပြန်ပြီးစစ်လိုက် (၁) ရုပ်ဗြဟ္မာမစုံတဲ့ဘုံမှာဖြစ်ရင်လည်း မင်္ဂဖိုလ်မရနိုင်ဘူး . . .

(မှန်ပါ့) သဘောကျပလား (၂) ငရဲမှာဖြစ်ရင်. . . (မရနိုင်ဘူးဘုရား)

(၃) တိရစ္ဆာန်မှာဖြစ်ရင်. . . (မရနိုင်ပါဘူးဘုရား) (၄) ပြိတ္တာမှာဖြစ်ရင်. . . (မရနိုင်ပါဘူးဘုရား) (၅) မိစ္ဆာဒိဋ္ဌိဖြစ်ရင်. . . (မရပါဘူးဘုရား) မရနိုင်ဘူးတဲ့ ဒကာ ဒကာမတို့ မိစ္ဆာဒိဋ္ဌိဖြစ်နေရင်လည်း မရနိုင်ဘူး. . . (မှန်ပါ)။

မိစ္ဆာဒိဋ္ဌိဆိုတာ သမာဒိဋ္ဌိကို ကန့်ကွက်တာကိုး . . . (မှန်ပါ့) သမာဒိဋ္ဌိ မဂ္ဂင်မှဆိုက်ကြသေးရဲ့လား . . . (မဆိုက်ပါဘူးဘုရား) မဆိုက်မရဘူးဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကဲ (၆) လူရိုင်းတွေဖြစ်နေကြမယ်. . (မရနိုင်ပါဘူးဘုရား) ရနိုင်ပါ့မလား . . (မရနိုင်ပါဘူးဘုရား) ကောင်းပြီ လူရိုင်းတော့ မဟုတ်ပါဘူးတဲ့ ဒကာ ဒကာမတို့၊ ထောင်နိုင်တဲ့နား၊ အအ၊ အဆွံ့တွေဖြစ်နေမယ်၊ တစ်နည်း (၇) ဘာမှနားမလည်းတဲ့ပုဂ္ဂိုလ် တစ်ဦးတစ်ယောက် ဖြစ်နေမယ်ဆိုရင်ကော ရပါ့မလား. . (မရနိုင်ပါဘူးဘုရား) မရနိုင်ဘူး သဘောကျပလား . . . (ကျပါပြီဘုရား)။

(၈) ဘုရားမပွင့်ရင်ကော. . . (မရနိုင်ပါဘူးဘုရား) မရနိုင်တော့ မဂ်ဉာဏ်မရနိုင်တာ ဘယ်နှစ်နေရာပါလိမ့်. . . (ရှစ်နေရာပါဘုရား) ဒကာကြီးလှိုင်ရိပ်မိပလား. . . (ရိပ်မိပါပြီ ဘုရား)။

မဂ်ဉာဏ်မရနိုင်တာ ဘယ်နှစ်နေရာပါလိမ့် . . . (ရှစ်နေရာ) ရှစ်နေရာ၊ ရှစ်နေရာနော်. . . (မှန်ပါ့) ဒါ ခံတော်တော် အရေးကြီးတယ်ဆိုတာကို၊ လေးစားစွာနဲ့ပဲ မှတ်လိုက်ပါ ဆိုတဲ့ဥစ္စာ ပြောရတယ်. . . (မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတွေ တစ်ခေါက် ပြန်ပြီးရှင်းပါဦးမယ်၊ ကိုယ့်ဟာကိုယ် အဖိုး ဒီလောက်တန် နေတဲ့ဥစ္စာ၊ အလွဲသုံးစားမဖြူးသင့်တဲ့အကြောင်းကို မောင်နိုင် ရဲ့ ရှင်းပြချင်လို့ ဘုရားဒီတရားဟောတာ. . . (မှန်ပါ့)။

ရှပ်နှာမ်မစုံတဲ့ဘုံမှာဖြစ်နေလည်း၊ မဂ်ဉာဏ် ဖိုလ် ဉာဏ်. . . (မရနိုင်ပါဘူးဘုရား) ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန် ကြီးကို. . . (မရနိုင်ပါဘူးဘုရား)။

ငရဲဘုံမှာဖြစ်နေရင်လည်း . . . (မရနိုင်ပါဘူးဘုရား) တိရစ္ဆာန်ဘုံမှာဖြစ်နေရင်လည်း . . . (မရနိုင်ပါဘူးဘုရား) ကိုင်း ကျေနပ်ပလား . . . ပြိတ္တာဘုံဖြစ်နေမယ်. . . (မရ နိုင်ပါဘူးဘုရား)။

မိစ္ဆာဒိဋ္ဌိအယူတွေဖြစ်နေရင်လည်း (မရနိုင်ပါဘူး ဘုရား) မရနိုင်ဘူး . . သဘောကျပလား . . . (ကျပါပြီ ဘုရား) တောင်ပေါ်တောင်ကြား လူရိုင်းဖြစ်နေရင်ကော . . . (မရနိုင်ပါဘူးဘုရား) မရနိုင်ဘူးတဲ့။

ခုလိုလူ့ပြည်မှာ တောင်ပေါ်တောင်ကြားမဟုတ်ပဲနဲ့၊

မိုးကုတ်မြို့လယ်မှာ ဖြစ်ပြားသော်လည်း၊ သုညတ တရားကို ထောင်နိုင်တဲ့နားမရှိရင်. . . (မရနိုင်ပါဘူးဘုရား) မဂ်ဖိုလ် မရပြန်ဘူးတဲ့ ဒကာ ဒကာမတို့၊ ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။

တစ်ခါ ဘုရားမပွင့်တာနဲ ကြုံနေပြန်၊ ထောင်နိုင်တဲ့ နားရှိပြန်တော့ ဘုရားမပွင့်တာနဲ့ ကြုံနေပြန်တော့ကော. . . (မရနိုင်ပါဘူးဘုရား)။

ဩော်. . . မောင်နိုင် မရနိုင်တာဘယ်နှစ်မျိုးပါလိမ့် (ရှစ်မျိုးပါဘုရား) ရှင်းကြလား . . . (ရှင်းပါပြီဘုရား)။

## ဘုရားအဆူဆူနဲ့လွဲခဲ့ရတယ်

ဒါ-ရပ်ပြစ်ရှစ်ပါးလို့ ဆိုကြပြားသော်လည်း၊ အပြော သာသေသေချာချာ ပြောနေကြတယ်၊ ကိုယ့်သန္တာန်မှာ ကိုယ်အဖိုးတန်တာဟာ၊ ထောင်နိုင်တဲ့နားရှိမရှိကလည်း၊ ဒါသိမှလည်း ဦးခန့်တို့ အရေးကြီးကြောင်းထင်ရှားတယ်. . . (မှန်ပါ့) နို့မဟုတ်ရင် ထင်ရှားပါ့မလား . . . (မထင်ရှားပါဘူး ဘုရား)။

ကဲ ဒါဖြင့်၊ ကျုပ်တို့ ဂဂ်ီ ဝါဠ္ဂ သဲစုမက ဘုရားတွေနဲ့ အလွဲကြီးလွဲ၊ အချော်ကြီးချော်ပြီးသကာလ လာခဲ့ရတာ၊ ဩော် ဒီရှစ်ခုတစ်ခုတော့ဖြင့်မိပေါ့ . . . (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမတုံး . . (ရှစ်ခုတစ်ခုခုမိပါပြီဘုရား) မိတာသေချာတယ်နော်. . . (တင်ပ့ါ) ဒါကြောင့် ဘယ်တော့မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရခဲ့ဘူး၊ ဦးဘလေးရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဘယ်တော့မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရခဲ့တာဘာပါလိမ့်မလဲလို့ဆိုလို့ရှိရင်၊ ဒီရှစ်ပါးတစ်ခုခုမိလို့. . . (မှန်ပ့ါ) မမိဘူးလား . . . (မိပါတယ်ဘုရား)။

ဩော်. . အသညသတ်သော်လည်းကောင်း၊ အရူပသော်လည်းကောင်း၊ ပုထုဇဉ် ဗြဟ္မာကြီးဖြစ်နေရင်လည်း မရနိုင်ဘူး၊ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ မိစ္ဆာ ဒိဋ္ဌိဖြစ်နေရင်. . . (မရပါဘူးဘုရား) မရနိုင်ဘူး။

လူရိုင်းဖြစ်နေရင်ကော. . (မရနိုင်ပါဘူးဘုရား) မရနိုင်ဘူး၊ တောင်ပေါ်တောင်ကြား တော့ လူရိုင်းမဖြစ်ပါဘူး၊ သုညတဖြစ်တဲ့ ရုပ်နာမ်တို့၏ ရုပ်နဲ့ နာမ်သာရှိတယ် (ဝါ) ဒုက္ခသစ္စာသာရှိတယ်၊ ဒါဖြစ်ပျက်သာရှိ တယ်၊သခ်ါရမှာ အနိစ္စသာ လမ်းဆုံးတယ်ဆိုတဲ့၊ ပုဂ္ဂိုလ် သတ္တဝါမရှိတဲ့တရား မနာရပြန်လို့ရှိရင် . . . (မရပါဘူး ဘုရား) မရဘူး ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ပုဂ္ဂိုလ်သတ္တဝါမရှိတဲ့ တရားနာရမှမဂ်ဉာဏ်

ပုဂ္ဂိုလ်သတ္တဝါမရှိတဲ့ တရားကိုနာရမှ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကရတယ်. . . (မှန်ပါ့) ဒိပြင်တရားက မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုမရနိုင်ဘူးဆိုတာ သဘောကျပလား(ကျပါပြီဘုရား)

ရှင်းပြီတဲ့၊ ဒါဖြင့် ဒကာ ဒကာမတို့၊ ပုဂ္ဂိုလ်သတ္တဝါမရှိတဲ့ တရားနာရမယ်နော်. . . (မှန်ပါ့) ကောင်းပြီ ပုဂ္ဂိုလ်သတ္တဝါမရှိတဲ့တရားကို၊ ဟောမယ့်ပုဂ္ဂိုလ်က ဘယ်လိုပင်ရှိသော်ငြားလည်း၊ ထောင်နိုင်တဲ့နားမရှိရင့်လည်း . . . (မရနိုင်ပါဘူးဘုရား) မရနိုင်ဘူး။

ထောင်နိုင်တဲ့နားရှိပါရဲ့၊ ဟောတဲ့ပုဂ္ဂိုလ် ဘုရားသာသနာက မရှိပြန်ရင်ကော. . (မရပါဘူးဘုရား) မရှိရင်လည်း မရနိုင်ဘူးဆိုတော့ မောင်နိုင်ရေ ဘယ်နှစ်ဌာနပါလိမ့် . . (ရှစ်ဌာနပါဘုရား)။

ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့၊ ခုရှစ်ဌာနဖြင့် ခုတရားနာနေတဲ့ ပုဂ္ဂိုလ်တွေ လွတ်ပြီလို့ဆိုနိုင်၊ မဆိုနိုင်. . . (ဆိုနိုင်ပါတယ်ဘုရား)။

ဟာ. . မဆိုနဲ့ မဆိုနဲ့၊ မင်းတို့ဂုဏ်မြင့်သွားလိမ့်မယ်နော် . . . (မှန်ပါ့) ဒီသုညတဖြစ်တဲ့ တရားကို၊ ဒီတရားတယ်ပျင်းစရာကောင်းပါလား၊ တပည့်တော် နားကိုမလည်

ဘူးဆိုတာ ပါသေးတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒီတရား ညကတော့ဖြင့် ဆရာတော်ကြီးက ဟောနေတဲ့ဥစ္စာ၊ တော်တော်တော့ဖြင့် ရှင်းတယ်၊ လင်းတယ်လို့ ပြောတယ်။ ကျုပ်တော့ဖြင့် နားထောင်ကြည့်တယ်။ ဘာမှ နားမလည်ဘူး. . . (မှန်ပါ့)၊ ဒီလိုလူလည်းရှိသေးတယ်။ မရှိပေဘူးလား. . . (ရှိပါတယ်ဘုရား)။

အဲ့တာ ဘာနားမလည်တာတုံးဆိုတာ (သုညတတရားနားမလည်းတာ) သုညတဆိုတာ ပုဂ္ဂိုလ်သတ္တဝါ ဆိတ်တဲ့တရား. . . (မှန်ပါ့) ဒကာ ဒကာမတို့ ဘာပါလိမ့်. . (ပုဂ္ဂိုလ် သတ္တဝါဆိတ်တဲ့ တရားပါဘုရား)။

အဲဒီတရား ဟောနေတော့ ဒါဝေဒနာကွ၊ ဒါဖြစ်ပျက်ကွ၊ ဒါဒုက္ခသစ္စာကွ၊ ဘယ်လောက်ပင်ဟောနေတော့၊ ထောင်တတ်တဲ့နားက မပါတော့နားမလည်ဘူး. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

## ထောင်တတ်တဲ့နားမပါရင်၊ မဂ်ဖိုလ်မရနိုင်

အဲဒီ ပုဂ္ဂိုလ်က သာသနာတွင်းကြုံြားသော်လည်း ထောင်တတ်တဲ့နားမပါလို့ မဂ်ဖိုလ်မရဘူးလို့မှတ်. . . (မှန်ပါ့) ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

ဒါက အတော်အရေးကြီးတယ် မောင်နိုင်. . . (ကြီး ပါတယ်ဘုရား) သဘောပါကြရဲ့လား နောက်ကဒကာ ဒကာမတွေ. . . (ပါပါတယ်ဘုရား)။

ဒီ တရားပုဂ္ဂိုလ်သတ္တဝါမရှိဘူး ဝေဒနာသာရှိတယ်၊ ၎င်းဖြစ်ပျက်သာရှိတယ်။ ၎င်းဝေဒနာက ဒုက္ခသစ္စာပဲ အစရှိ သည်နဲ့၊ ဒကာ ဒကာမတွေ ဘုန်းကြီးတို့က အမျိုးမျိုးဟောပြား သော်လည်း၊ ဒီဥစ္စာ ကျုပ်ဖြင့်နားမလည်ဘူးခက်လိုက်တာ၊ အဲဒီပုဂ္ဂိုလ်ကို မင်းတို့က ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့)။

သုညတ တရားကိုနားမလည်တဲ့အတွက်၊ ဘုရား သာသနာကြုံပြားသော်လည်း ထောင်တတ်တဲ့နားမပါလို့၊ ဒီဘဝမင်းမရနိုင်ဘူးတဲ့. . . (မှန်ပါ့) ဦးဘလေး ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား) ဘာတဲ့တုံး (ထောင်တတ်တဲ့နား မပါလို့) မဂ်က မဂ်ဉာဏ်ဖိုလ်ဉာဏ်. . (မရနိုင်ပါဘူးဘုရား) မရနိုင်ဘူးတဲ့၊ ကဲ သဘောပါကြပလား . . (ပါ ပါပြီဘုရား)။

## သုညတ တရားဆိုတာ

ဩော် ဒါဖြင့် တရားနာတိုင်း ကိစ္စမပြီးနိုင်တာ သည်ကားလို့ဆိုရင်၊ ဩော် ဒီသုညတ တရားကို၊ သုညတ ဆိုတာ မောင်နိုင်ရေ ပုဂ္ဂိုလ်သတ္တဝါမရှိတဲ့တရား . . . (မှန်ပါ့)။

ခန္ဓာသာရှိတယ်၊ အာယတနသာရှိတယ်၊ ဓာတ်သာရှိတယ်၊ သစ္စာသာရှိတယ်၊ ပုဂ္ဂိုလ်သတ္တဝါနည်းနည်းမှ ရှာမတွေ့ပါဘူးဆိုတဲ့ တရားကိုနာရမှသာလျှင်၊ ၎င်းပုဂ္ဂိုလ်သတ္တဝါ မရှိတာလည်း မရှိရုံလေးမဖြစ်သေးဘူး၊ မရှိတဲ့အပြင် ပျောက်ပျက်တဲ့ အနိစ္စတွေ၊ ဖောက်ပြန်တဲ့ဒုက္ခသစ္စာတွေ ကျအောင်၊ သူ့ဉာဏ်ထဲမှာ နားလည်းလည်ရမယ် မောင်နိုင်ရေ . . . (မှန်ပါ့)။

ဒီလိုမှနားမလည်လို့ရှိရင်၊ သူ့မှာထောင်တတ်တဲ့နားမပါသောကြောင့် သာသနာတွင်း ကြုံငြားသော်လည်း သုညတလက်မခံနိုင်တဲ့အတွက် ဒီဘဝမဂ်မရဘူး . . (မှန်ပါ့)

ဒကာ ဒကာမတို့ရိပ်မိပလား . . (ရိပ်မိပါပြီဘုရား) သာမညအရေးကြီးတာလား (အလွန့် အလွန် အရေးကြီးပါတယ်ဘုရား) ရှင်းပလား . . (ရှင်းပါပြီဘုရား)။

တရားမှာလည်း သုညတဆိုက်ဦးမှ. . . (မှန်ပါ့) သုညတဆိုက်တာကျတော့ အားလုံးက အဘိဓမ္မာတရားများ၊ တယ် ခက်ပါလား၊ ကျုပ်ဖြင့်ထောင်ကြည့်တယ် နားအတော်ကလေးကိုဂရုစိုက်ကြည့်တယ်၊ နားကိုမလည်ဘူး၊ ဘယ်လိုဆုံးဖြတ်ချက်ချကြမလဲ. . . (မရနိုင်ပါဘူးဘုရား)။

ဘာမရနိုင်တာတုံး . . . (မဂ် မရနိုင်တာပါဘုရား) မဂ်ဖိုလ် နိဗ္ဗာန်မရနိုင်ဘူး စိတ်သာချ ဒကာ ဒကာမတို့

မင်္ဂဖိုလ် နိဗ္ဗာန်မရနိုင်ဘူးဆိုတဲ့ဥစ္စာ သုညတ လက်မခံနိုင်လို့ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

အင်္ဂုတ္တိုရ် ပါဠိတော်မှာ သေသေချာချာလာလို့၊ ဘုန်ကြီးတို့ ရဲရဲတင်းတင်း တာဝန်ခံပြီးသကာလ ပြောနေတယ်ဆိုတဲ့ အဓိပ္ပါယ်မှတ်လိုက်ပါ. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့သည် ဒကာ ဒကာမတွေထဲမှာ သုညတဖြင့်နားလည်အောင် ထောင်ကြစမ်းပါ (မှန်ပါ့) အားလုံးပဲသတိပေးလိုက်တယ်. . (မှန်ပါ့)။

## သုညတဆိုတာ ဆိတ်သုဉ်းတာ

ဘာသတိပေးလိုက်ပါလိမ့်. . . (သုညတ တရားကို နားလည်အောင် ထောင်ရမှာပါဘုရား) သုညတဆိုတာ ဒကာ ဒကာမတို့ တခြားမှတ်မနေပါနဲ့၊ သုညတဆိုတာ ဆိတ်တာ ဘာဆိတ်တာတုံးဆိုရင်၊ ဒီက ဓမ္မတစ်ခု ခန္ဓာကိုယ်ထဲမှာပေါ် လာရင်၊ ဝေဒနာပေါ်လာတယ်၊ စိတ်ပေါ်လာတယ် မောင်နိုင်၊ ဒါ ပုဂ္ဂိုလ်သတ္တဝါ ဟုတ်ရဲ့လား . . . (မဟုတ်ပါဘူးဘုရား)။

ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူးလို့ ဒီဥစ္စာသေချာသိနေရမယ် (မှန်ပါ့) ပုဂ္ဂိုလ် သတ္တဝါမဟုတ်ဘူး ဒါဝေဒနာပဲ

ဒါစိတ်ပဲ သဘောကျပလား . . . (ကျပါပြီဘုရား) ဒါရုပ်ပဲ။

ဒီလိုပေါ်လာတိုင်း ပေါ်လာတိုင်းသိနေတော့ ပုဂ္ဂိုလ် သတ္တဝါမဟုတ်ဘူး၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ်တာကိုသိပြီး၊ သုညတ တရားသည် ဒါက အသိသုညတ၊ နောက် ပရမတ်က နေပြီးပျောက်ပျက်ပြီး ပြလိုက်တဲ့အခါကော မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

ထိုပရမတ်က ပျောက်ပျက်ပြလိုက်တဲ့အခါကျတော့၊ ဩော် ပုဂ္ဂိုလ် သတ္တဝါအဟုတ်ကို မရှိတာကိုး သဘောကျပလား . . (ကျပါပြီဘုရား)။

## ရုပ်ပြစ်ရှစ်ပါးလွတ်သွားရင်၊ မဂ်ရပြီ

ဒီလို အင်း . . အသိသုညတ၊ အမြင်သုညတဆိုတဲ့ ဒီသုညတတွေကို ဒကာ ဒကာမတွေ ပိုင်ပိုင်နိုင်နိုင် ကိုယ့်ခန္ဓာကိုယ်ထဲမှာ ရှင်းပြီးနာ၊ နာတုန်းကလည်း နားလည်၊ ရှုတဲ့အခါမှာလည်း ရှင်းသွားလို့ရှိရင်ဖြင့်တဲ့၊ ရုပ်ပြစ်ရှစ်ပါး လွတ်သွားတဲ့အတွက် ဒီပုဂ္ဂိုလ် မဂ်ရပြီ . . . (မှန်ပါ့)။

သဘောကျပလား . . . (ကျပါပြီဘုရား) နို့မဟုတ်လို့ရှိရင် ခင်ဗျားတို့ တရားနာတယ်၊ တရားအားထုတ်ကြတယ် ကုသိုလ်ဖြစ်ရုံပဲလို့ အောက်မေ့ပါ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရနိုင်ဘူး . . . (မှန်ပါ့)။

သုညတကိုလက်မခံရင် မရပါဘူး . . . (မှန်ပါ့) သဘောပါကြလား. . . (ပါပါပြီဘုရား) ဘာအရေးကြီးတုံး . . . (သုညတ အရေးကြီးပါတယ်ဘုရား)။

ကဲ ဒါဖြင့်ဘုရား၊ ရနိုင်တာလေးတစ်ခု တပည့်တော် ပိုက်ပြီးသကာလ ယူပရစေတော့ဆိုတဲ့၊ တောင်းပန်တဲ့အချိန် ရောက်ပြီ . . . (ရောက်ပါပြီဘုရား)။

တောင်းရမ်းရမဲ့အချိန်၊ တောင်းပန်ရမဲ့အချိန်ရောက် လာတော့ကွာတဲ့၊ ရတာကိုငါဘုရားသခင် ကိုယ်တော်မြတ် ကြီးရှင်းလင်းပြီးသကာလ၊ မင်းတို့အပေါ်မှာ ပြောတော့မယ် ဆိုတော့၊ ဒကာ ဒကာမတို့ ဘုရားပွင့်လိုက်တာနဲ့လည်း ကြုံပါဦးမှ၊ လူကလည်း ပညာရှိထောင်တတ်တဲ့နားနဲ့လည်း ပညာရှိဦးမှ (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဘုရားပွင့်တဲ့အခါလည်း . . . (ကြုံဦးမှပါဘုရား) အင်းလူပညာရှိလည်း . . . (ဖြစ်ပါဦးမှ) ဖြစ်ပါဦးမှ သဘော ကျပလား . . (ကျပါပြီဘုရား)။

ဘုရားပွင့်တဲ့အခါနဲ့လည်း . . . (ကြုံဦးမှပါဘုရား) လူပညာရှိလည်း . . . (ဖြစ်ဦးမှပါဘုရား)၊ အင်္ဂါချို့တဲ့သည့် အဖြစ်မှလည်းလွတ်ပါဦးမှ . . . (မှန်ပါ့ဘုရား) သဘောကျပ လား . . . (ကျပါပြီဘုရား)။

ဒုပညာ ပုဂ္ဂိုလ်အဖြစ်မှလည်း လွတ်ရဦးမယ်. (မှန်ပါ) ရှင်းကြပလား . . (ရှင်းပါပြီဘုရား)။

အဲဒီကဲ့သို့ လွတ်တဲ့အခါ၊ ဒီထဲမှာဘုန်းကြီးက ရိုးရိုး ဒီနာမ်ရုပ်ကနေ၊ ပဏ္ဏာသကနေပြီး ထုတ်ရလို့ရှိရင် ဒကာ ဒကာမတို့ ခုပြောနေတဲ့အချိန်နဲ့ ခင်ဗျားတို့အားထုတ်တဲ့ အချိန်က နောက်ကျနေမယ်ဆိုလည်း အသေစောလျှင်လည်း မရဘူး . . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

အသေစောလျှင်(မရပါဘူးဘုရား) သုညတဘုန်းကြီး ကလည်း ပြောတယ်၊ ဒကာ ဒကာမ တွေကလည်းကြား ချင်တယ်၊ ကြားရင်လည်း ထောင်နိုင်တဲ့နားရှိပါတယ်၊ ထိုကဲ့သို့ ရှိငြားသော်လည်း အသေကစော သွားရင် . . . (မရပါဘူး ဘုရား)။

ဒါလည်းမဂ်ဉာဏ် မရနိုင်ဘူးဆိုတော့ အာဋ္ဌာရ၊ ဥဒက၊ ထောက်ကြည့်ရင် . . . (မှန်ပါ) သဘောကျပလား . . (ကျပါပြီဘုရား)။

အာဋ္ဌာရတို့ ဥဒကတို့ ရလိုက်ရဲ့လား . . (မရပါဘူး ဘုရား) ထောင်နိုင်တဲ့နားပါတယ်. . (မှန်ပါ) သာသနာကော (ကြုံပါတယ်ဘုရား) အင်း ကြုံတယ် အသေကောဘယ့်နှယ် ဖြစ်တုံး . . . (စောပါတယ်ဘုရား)။

ဟား . . ဒကာကြီးလှိုင် ကြောက်စရာကြီးပါလား

. . . (မှန်ပါ့) နောက်က ဒကာ ဒကာမတွေ အသေအချာ သဘောပေါက်ပလား . . . (ပေါက်ပါပြီဘုရား)။

## သုံးခုစုံရင်မဂ်ရ ရမယ်

ဒါဖြင့် ခင်ဗျားတို့မှာ ဘုရားသာသနာနဲ့လည်းကြုံတယ်၊ လူပညာရှိလည်းဖြစ်တယ်နော် . . (တင်ပါ့) ဒီလူပညာရှိလည်းဖြစ်ပါတယ်၊ ဘုရားသာသနာလည်းကြုံတယ်၊ လူလည်း ဖြစ်တယ်၊ ပညာရှိလည်းဖြစ်တယ်ဆိုတော့ သုံးခုစုံပါတယ်. . . (မှန်ပါ့)။

သုံးခုစုံရင်မဂ်ရ ရမယ်ကွ. . . (မှန်ပါ့) ဘုရားကသုံးစုံရင်ဘာတဲ့တုံး . . . (မဂ်ရ ရမှာပါဘုရား) သုံးခုစုံရင်နော်။

ကဲ. ဘုရားသာသနာနဲ့ကြုံ၊ လူလည်းဖြစ်၊ ပညာရှိအဖြစ်နဲ့လည်းဆုံ ဒီလိုမှရမယ်. . (မှန်ပါ့) သဘောကျပလား . . (ကျပါတယ်ဘုရား) လူပညာရှိလည်းဖြစ်ရဦးမယ်၊ လူလည်း ဖြစ်ရဦးမယ်၊ တိရစ္ဆာန်ဖြစ်ရင် ရမှာမှမဟုတ်ပဲ . . . (မှန်ပါ့)။

ကိုင်း ဘုရားသာသနာနဲ့ကြုံ၊ လူလည်းဖြစ်၊ ပညာရှိအဖြစ်နဲ့လည်းဆုံ ဒီလိုမှရမယ်. . . (မှန်ပါ့) သေချာစစ်လိုက်တော့ ဒကာ ဒကာမတို့ အသေအချာစစ်တာ သဘောပါကြပလား . . . (ပါပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာ၊ ခုတရားစွဲ စွဲမြဲမြဲ သုံးနှစ်၊ လေးနှစ်၊ ငါးနှစ် ဆိုသလိုပဲ၊ ဒီ ဆရာဘုန်းကြီးနဲ့ နာကြ ပြုကြပြီး အားထုတ်နေကြတော့၊ ဩော် . . . တပည့်တော်တို့ဖြင့် ဝေဒနာလေးတွေ ဖြစ်ပျက်မြင်တယ် ဘုရား၊ စိတ်ကလေးတွေ ဖြစ်ပျက်မြင်တယ်ဘုရား၊ ရုပ်ကလေး တွေ ဖြစ်ပျက်မြင်တယ်၊ ဩော် . . . ဒါသူ သုညတမြင်တာ၊ သဘောကျပလား . . (ကျပါပြီဘုရား)။

ပုဂ္ဂိုလ်သတ္တဝါ ဆိတ်-မဆိတ် . . (ဆိတ်ပါတယ် ဘုရား) ဒါ ဘာမြင်တာပါလိမ့် (သုညတ မြင်တာပါဘုရား) ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းတာကို မြင်နေတဲ့အတွက်၊ ဘုရား ပွင့်တာနဲ့လည်း ဘုရားသာသနာနဲ့လည်း မကြုံဘူးလား . . . (ကြုံပါတယ်ဘုရား)။

လူတွေကောမဖြစ်ဘူးလား . . . (ဖြစ်ပါတယ်ဘုရား) ခုနင်က သုညတ တရားတွေကိုလည်း လက်မခံဘူးလား . . (ခံပါတယ်ဘုရား) ဒါဖြင့် ရရမယ် . . (မှန်ပါ့) ဆုံးဖြတ်ချက်ချ သဘောပါကြပလား . . . (ပါပါတယ်ဘုရား)။

## ရှစ်ခုလွတ်ပြီးသုံးခုနဲ့ကြုံ

ဆုံးဖြတ်ချက်ချရမယ်နော် . . . (မှန်ပါ့) ဒီထဲမှာ ဘုန်းကြီးက ဒကာ ဒကာမတွေမှာ ဒီသုံးချက်နဲ့ ကြုံနေတဲ့ဥစ္စာ၊

ဪ. . . မောင်နိုင် ဘယ်လိုများခုလိုကြံအောင် လုပ်လာပါ လိမ့်မလဲဆိုတော့၊ ရှစ်လွတ်ပြီးသုံးလာကြံတာကိုး . . (မှန်ပါ့)

ဦးဘလေး ဘာတုံး . . (ရှစ်လွတ်ပြီးသုံးလာကြံတာပါ ဘုရား) ရှစ်ခုလွတ်ပြီးသကာလ သုံးခုနဲ့လာကြံတယ် ဒီ ဒကာ ဒကာမတွေမှာ သဘောကျကြလား . . (ကျပါတယ်ဘုရား)

ရှစ်ဌာနနဲ့တော့ . . . (လွတ်ပါတယ်ဘုရား) သုံးခုတွဲ ပြည့်စုံမှုနဲ့တော့. . . (ကြံပါတယ်ဘုရား) သုံးခုတွဲပြည့်စုံမှုနဲ့ တော့ ကြံတယ်ဆိုတော့၊ ဘုရားသာသနာနဲ့လည်းကြံတယ်၊ လူလည်းဖြစ်တယ်၊ သုညတကို လက်ခံနိုင်တဲ့ နားရှိတယ် (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)

အဲဒီကဲ့သို့ အင်္ဂါတွေက ကြုံကာဆုံကာဖြစ်ပြီး သကာလနေတဲ့အတွက်၊ ဪ. . . တို့သည်ကား အသေ မစောဖို့ အရေးက ဒို့အရေးပါလား . . . (မှန်ပါ့)။

## ခန္ဓာကိုယ်၊ အချိန်မဖြုန်းကြနှင့်

ခန္ဓာကိုယ်အချိန်မဖြုန်းဖို့အရေးဟာလည်း . . . (ဒို့အရေးပါဘုရား) ဒို့ အရေးပါလားဆိုတာလည်း ပေါ် ကြပလား . . . (ပေါ်ပါပြီဘုရား) ဒီသုံးခု တစ်ခုခုလက်လွတ် ရင် သွားပြီနော်. . . (မှန်ပါ့)။

ဦးခန့် လွတ်သွားရင် ဘယ့်နှယ်နေတုံး. . . (သွားပါပြီ

ဘုရား)၊ သွားပြီ၊ သွားရင် ဒီထဲသွားရမယ်. . . (မှန်ပါ့) ဒီသုံးကလွတ်ရင် ရှစ်ခုထဲသွားမယ်. . . (မှန်ပါ့) သုံးက လွတ်ရင်. . (ရှစ်ထဲသွားမှာပါဘုရား)။

ကိုင်း ဒကာ ဒကာမတို့ ဒါမိဘ ဆွေမျိုးညာတကာ မတော်ဘူးသည် မည်သည်မရှိ၊ ညီအကို မောင်နှစ်မ၊ ဩော် တော်တော်အရေးကြီးလို့ ဆရာဘုန်းကြီး ဒီလောက်ခက်ခက် ခက်ရာတွေ၊ တို့မသိတာတွေ၊ တို့၏တွေဝေမှုတွေ၊ တို့အလွဲ သုံးစားလုပ်နေတာတွေဟာ မတော်ပါလားဆိုတဲ့ ဉာဏ်ပေါ် အောင်လို့ ပြောနေတယ်ဆိုတဲ့ အဓိပ္ပာယ်ကော ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

သဘောပါပလား . . . (ပါပါပြီဘုရား) ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားသာသနာနဲ့ ကြုံပါရဲ့လား . . (ကြုံပါတယ် ဘုရား) လူကောဟုတ်ကြရဲ့လား . . (ဟုတ်ပါတယ်ဘုရား) သုညတ ဆိုတဲ့ဝေဒနာဟောတော့ ဝေဒနာဖြစ်ပျက်ကိုကော ရှုတတ်ကြရဲ့လား . . . (ရှုတတ်ပါတယ်ဘုရား)

## ဒါမင်္ဂရနိုင်တဲ့ ဘဝအစစ်ပဲ

ဒါဖြင့် ဒကာ ဒကာမတို့ ဒါမဂ်ရနိုင်တဲ့ ဘဝအစစ်ပဲ. (မှန်ပါ့) မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်တဲ့ ဘဝအစစ်ပဲ. . (မှန်ပါ့) သေချာပလား . . (သေချာပါတယ်ဘုရား)။

အဲဒီတင်၊ ဒကာ ဒကာမတွေက ဘာအရေးကြီးနေတုံးဆိုတော့၊ ကိုယ်ဘဝကတော့ဖြင့် ရှစ်ခုလွတ်ပြီးသုံးထဲဝင်လာတာ . . (မှန်ပါ့) သုံးကိုလည်း ဒကာ ဒကာမတို့ သုံးကြဲဖို့လွယ်ပါ့မလား . . (မလွယ်ပါဘူးဘုရား)။

သေချာစဉ်းစားပါ ဒကာ ဒကာမတို့၊ ရှစ်လွတ်ပြီးသုံးဖြစ်ဖို့ဘယ့်နှယ့်နေကြတုံး . . . (မလွယ်ပါဘူးဘုရား) အင်မတန်ခဲခဲယဉ်းယဉ်းဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

တစ်ခါသုံးထဲလည်း ကြဲပါတယ်တဲ့၊ သုံးထဲမှာလည်းအသက်ကို ခုနှစ်ဆယ့်ငါးနှစ်တန်းပဲ ထားပါတော့၊ အင်းနှစ်ပုံကဖြင့် သုံးထဲကြဲပြီးသကာလ သုံးကိုအသုံးချချိန်ကမပါခဲ့ဘူး . . . (မှန်ပါ့)။

နာခဲ့တယ်၊ သားလင်ခင်ပွန်းနဲ့ နေခဲ့တဲ့အတွက်၊ သားမယားတွေနဲ့ နေခဲ့တဲ့အတွက်၊ စီးပွားရေးတွေဂရုစိုက်နေရတဲ့အတွက်၊ သုံးတော့ တွေ့တော့တွေ့တယ်၊ သုံးထဲမှာတော့ဝင်စရာအကြောင်းတော့ ရှိပါ့ရဲ့တဲ့၊ သုံးထဲမှာ သုံးအကုန်အပြည့်မဖြစ်ပဲနဲ့၊ ဘုရားပွင့်တာ၊ ဘုရားသာသနာကြုံကာရယ်၊ လူဖြစ်တာသာကြုံခဲ့တယ်၊ သုညတက မရခဲ့ပြန် . . . (မှန်ပါ့)။

**သုံးပြည့်မှမဂ်ရမှာ**

အသက်တန်း ခင်ဗျားတို့ကြီးလာပြီ. . . (မှန်ပါ့) သုညတကရရဲ့လား. . . (မရပါဘူး) သုံးထဲမှာ နှစ်နဲ့သာကြုံ (မှန်ပါ့) သဘောပေါက်ကြပလား. . . ပေါက်ပါတယ် ဘုရား)။

သုံးထဲမှာ ဘာနဲ့ကြုံ. . . (နှစ်နဲ့ ကြုံပါတယ်ဘုရား) နှစ်နဲ့ကြုံတော့ သုံးပြည့်မှ မဂ်ရမှာ. . (မှန်ပါ့) သဘောကျကြလား (ကျပါတယ်ဘုရား)။

အင်းရှစ်ကလွတ်ပြီး သကာလ နှစ်ထဲတော့ ဝင်လာတယ် (မှန်ပါ့)၊ ရှစ်ကလွတ်ပြီး သကလ. . (နှစ်ထဲဝင်လာပါတယ်ဘုရား)၊ နှစ်ထဲတော့ ဝင်လာတော့. . ဒီနှစ်နဲ့. . နှစ်နဲ့ နိဗ္ဗာန်သွားနိုင်ရဲ့လားလို့ မေးတော့. . . (မသွားနိုင်ပါဘူးဘုရား)။

ဘုရားသာသနာ ကြုံရုံနဲ့လည်း နိဗ္ဗာန်မသွားနိုင်ဘူး (မှန်ပါ့) လူဖြစ်ရုံနဲ့လည်း(မသွားနိုင်ပါဘူးဘုရား) အိုးတောဒေးယျတို့လိုဘုရားသာသနာကြုံ. . . လူလည်းဖြစ်. . အပါယ်တောင်ကျသေး. (မှန်ပါ့) သဘောကျပလား. . (ကျပါတယ်ဘုရား)။

အဲ့ဒါကြောင့်ဒကာ ဒကာမတို့. . ခင်ဗျားတို့မှာ ဒါလေးတစ်ခုဟာ အခုချိန်မှာကြုံတာပဲ အောက်မေ့. . .

(မှန်ပါ့) ဒီသုညတ နာနိုင်တဲ့သုညတ အချိန်ကလေးဟာ ဒီအချိန်ပဲ. . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ အခုခင်ဗျားတို့ နှစ်ထဲမှာနေသလား သုံးထဲမှာနေသလားလို့ မေးလို့ရှိရင်ဘယ့်နှယ် ဖြေကြပါ့မတုံး. . . (သုံးထဲမှာ နေပါတယ်ဘုရား) သုံးထဲမှာ နေတယ်။

ကောင်းပြီ၊ ဒါကသုံးထဲမှာ နေတဲ့အချိန်ဟာ. . နှစ်ထဲမှာနေတဲ့အချိန်တွေက အတော်များတယ်. . . (များပါတယ်ဘုရား) သုံးထဲရောက်တာကမကြာသေးဘူး. . . (မကြာသေးပါဘုရား)။

နှစ်ထဲမှာ နေခဲ့တာ. . . (များပါတယ်ဘုရား)၊ အတော်များပါပြီတဲ့. . အခုအချိန်ရွယ် ဥပမာ ဘုန်ကြီးဆီမှာ တရားဓမ္မသုညတတွေ အားထုတ်တဲ့အချိန် ကျတော့မှ သုံးထဲရောက်တာ(မှန်ပါ့)။

## သုညတမှနိဗ္ဗာန်သွားမှာ

နဂိုတုံးကတော့ ဘုရားသာသနာနဲ့ကြုံ. . . လူဖြစ်ကာမတ္တ(မှန်ပါ့) နှစ်နဲ့ပဲ အချိန်ကုန်ခဲ့တယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဘာပြုလို့တုံးဆိုတော့ သုညတကမှ နိဗ္ဗာန်သွားမှာ

ကိုး(မှန်ပါ့) ဒီပြင်ဟာတွေ အသာထား. . . တပည့်တော်လူ ဖြစ်လို့ဘုရား. . . ဘယ်လိုနေခဲ့ပါတယ် ဘယ်လိုထိုင်ခဲ့ပါ တယ်။ ဥပုသ်သီတင်းနဲ့ ဘယ်လိုညာလို. . . အို. . . ဒါတွေ အသာထားပါ။ သုညတမပါဘူး. . . (မှန်ပါ့) ပါရဲ့လား. . . (မပါပါဘူးဘုရား)။

သုညတမပါလို့ရှိရင် မင်္ဂညာဏ်ဖိုလ်ညာဏ်က. . . မရပါဘူးမရနိုင်ပြန်ဘူး ဆိုတာကော ကောင်းကောင်း ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဩော်. . . ဒါဖြင့် နှစ်ထဲကနေပြီး သုံးရောက်လား တာလဲသုံးအဖြစ် သုံးထဲဝင်လာတာ အင်း သာမညအပိုင်း လောက်ကလေးရှိသေးတယ်. . . (မှန်ပါ့) ဘယ်လိုဆုံးဖြတ် ချက်ချမတုံး. . . (သာမညအပိုင်းလေးလောက်ပဲ ရှိပါတယ် ဘုရား)။

အဲဒီ သာမညအပိုင်းလေးမှာလဲ ဒီထဲက နှုတ်ဦးမယ် ဆိုရင်မကျန်တော့ဘူး. . . (မကျန်ပါဘူးဘုရား) ရိပ်မိပလား (ရိပ်မိပါတယ်ဘုရား)။

## သုံးကနေနှစ်ပြန်ရောက်တယ်

ဒီသာမညအပိုင်းလေးထဲက. . . အင်း သားရေး သမီးရေး၊ စီးပွားရေးနဲ့ နှုတ်ဦးမယ်ဆိုတော့ . . . အသက်က

လည်းကြီးပြန် နဂိုကနှုတ်ထားတဲ့ ဥစ္စာကလည်း ဒီအသက် အရွယ်ရှိလာပြီ, . . ဒီထဲကသုညတလေး တစ်ခုတည်း နားကဝင် လာတဲ့အထဲကနေပြီးသကာလ တစ်ခါမောင်နိုင် နှုတ်ဦးမယ် ယူဦးမယ်ဆိုလို့ ရှိရင်ဖြင့်တဲ့ နှစ်ပြန်ရောက်သွား ရော. . . (မှန်ပါ့)။

မရောက်ပေဘူးလား. . . (ရောက်ပါတယ်ဘုရား)၊ အလကားနေတဲ့ အံချိန်ကျတော့ ဘာဖြစ်သွားတုံး. . . (နှစ်ဖြစ်သွားပါတယ်ဘုရား) နှစ်ဖြစ်နေတယ်. . . ဆတ်ဆို အားထုတ်လိုက်တဲ့အချိန်ကျတော့. . . (သုံးပြန်ဖြစ်ပါတယ်)။

အဲ့-နှစ်နဲ့သုံးအားဖြင့် ဝင်လိုက်ပြန်ထွက်လိုက်. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား) ဦးဘကလေး (ရိပ်မိပါပြီဘုရား)။

အင်း ဝင်လာပြီဆိုတဲ့ဥစ္စာသုံးထဲ တစ်ခါတလေ ဝင်လိုက် (တင်ပါ့) အားထုတ်တဲ့အချိန် ပြီးတော့ ဘာလုပ် ပြန်တုံး . . . (နှစ်ထဲကိုပါဘုရား) နှစ်ထဲပြန်ဆင်းလိုက်၊ သုံးနဲ့ နှစ်လှည့်နေတာဆိုတာကော ကျေနပ်ပလား (ကျေနပ် ပါတယ်ဘုရား)။

အံမလေး ဒကာဒကာမတို့၊ နစ်နာလွန်းလို့ ပြောနေ ပါတယ် (မှန်ပါ့) ဒီ သုံးလေး ကြဲဖို့ကလည်း ရှစ်လွတ်မှ ကြဲမှာ . . . (မှန်ပါ့) သုံးကြဲဖို့ရာ ဘာပါလိမ့်. . . (ရှစ်လွတ်မှ

ကြိုမှာပါဘုရား) ရှစ်လွတ်မှကြိုမှာ သဘောကျပလား . . . (ကျပါပြီဘုရား)။

ရှစ်လွတ်ပြီး တို့ဒကာဒကာမတွေက နှစ်ထဲ ရောက်နေတယ် (မှန်ပါ့) သုံးက မပြည့်ပြန်ဘူး ဦးခန့်ရ . . . (မှန်ပါ့) မခက်ဘူးလား . . . (ခက်ပါတယ်ဘုရား)

ကဲဒါဖြင့် ဘာပြည့်အောင်လုပ်ကြရမယ် . . . (သုံးပြည့်အောင်လုပ်ရမှာပါဘုရား) ဒါပဲပြည့်အောင် လုပ်တော့၊ ဒီပြင်ဟာအလုပ်တွေ ရှုပ်နေတဲ့အချိန်ကျတော့၊ မောင်နိုင် သုညတ ရှုနေတာများတယ်၊ ပုဂ္ဂိုလ်သတ္တဝါတွေ ရှုနေတာ မဟုတ်ပဲကိုး . . . (မှန်ပါ့)။

အနိစ္စ ရှုနေရတဲ့ အတွက် ဒါအတော် အဖိုးတန်တယ်ဆိုတာကော ကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား) ဩော် ဒါ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တဲ့ ခေတ်ကာလ ခဏပဲဆိုတဲ့ ဥစ္စာငြင်းဖို့ လိုသေးသလား . . . (မလိုပါဘူးဘုရား)။

အင်မတန် မှန်ပြီမဟုတ်လား . . . (မှန်ပါပြီ) မလုပ်ပဲနေတဲ့ အချိန်ကျတော့ နှစ်ထဲပြန်သွား ပြန်ပြီ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား) လုပ်ပြန်တော့ သုံးဖြစ်တယ် မလုပ်ပဲနေတော့ (နှစ်ထဲပြန်သွားပါတယ်ဘုရား)။

--

နောက် နှစ်နဲ့သုံးဘယ်ဟာများတုံးလို့ ချိန်ကြည့်ရအောင် . . . (နှစ်ထဲကများပါတယ်ဘုရား) အင်း နှစ်ကများ၊ ခက်ပါသေးရဲ့ ကျနေတယ် . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား) နှစ်ကများရင် ဘယ့်နှယ်ဆိုကြမတုံး . . . (ခက်ပါသေးရဲ့)။

ခက်ပါသေးရဲ့ ဒီဥစ္စာ၊ ရှစ်က ထွက်လာပြီး သကာလ နှစ်နဲ့ နေလို့လည်း ဘာမှ ကိစ္စ မပြီးသေးဘူး . . . (မှန်ပါ့) ရှစ်ကထွက်လာပြီး နှစ်နဲ့နေရင်ကော . . . (ကိစ္စမပြီးပါဘူးဘုရား)။

နှစ်ဆိုတာက ဘုရားသာသနာ ကြုံခြင်း၊ လူဖြစ်ခြင်း . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား) ဒါပဲရှိသေးတာကိုး . . . (မှန်ပါ့)။

ခုနင်က ဦးခန့်ရဲ့ သုညတ တရားကို နှလုံး မသွင်းနိုင်သေးဘူး . . . (မှန်ပါ့) လူဖြစ်ကာ မတ္တနဲ့သွင်းနိုင်တယ် မှတ်နေလား၊ ဒီထဲက လူဖြစ်တာတွေ ပါသားပဲ၊ တောင်ကြို တောင်ကြားဖြစ်တာတွေ မသွင်းနိုင်လို့ . . . (မှန်ပါ့)။

ဒီဆွံ့အနေတဲ့ ပုဂ္ဂိုလ် မသွင်းနိုင်လို့ . . . (မှန်ပါ့) ဘုရား သာသနာနဲ့ ကြုံငြားသော်လည်း၊ ဘုရား သာသနာ ကွယ်သွားလို့ လူတော့ဖြစ်ပါတယ်တဲ့၊ ရပ်ပြစ် ရှစ်ပါးထဲ ဝင်နေတယ် (မှန်ပါ့) မဝင်ဘူးလား . . . (ဝင်ပါတယ် ဘုရား)။

## နှစ်သမားလား၊ သုံးသမားလား

ကောင်းကောင်း သဘောပါပလား ..(ပါ ပါပြီဘုရား) ဒါဖြင့် အိမ်ကျတော့ တွက်ရမယ်၊ ငါ နှစ်သမားလား၊ သုံးသမားလား . . . (မှန်ပါ့) ဦးခန့် တွက်နော်. . . (မှန်ပါ့)။

နောက်က ဒကာ၊ ဒကာမတွေ ဘယ်လို တွက်ရမှာ . . . (နှစ်လား၊ သုံးလား) နှစ်လား၊ သုံးလား မတွက်ရပေဘူးလား . . . (တွက်ရပါတယ်ဘုရား) အားထုတ်တဲ့ အချိန် ဘယ့်နှယ်ဆိုကြမယ် . . . (သုံးပါဘုရား) အားမထုတ်တဲ့ အချိန် . . . (နှစ်ပါဘုရား)။

အဲ နှစ်ဆိုလို့ ရှိရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်မရနိုင်. . . (မရနိုင်ပါဘူး ဘုရား) မရနိုင်ဘူး၊ သုံးဆိုရင် . . . (ရနိုင်ပါတယ် ဘုရား) အဲ ဒါ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ့) သဘောပါပလား . . . (ပါ ပါတယ်)။

နှစ်သမားက . . . (မရနိုင်ပါဘူး ဘုရား) မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ဘူး (မှန်ပါ့) သုံးဆိုရင် . . . (ရနိုင်ပါတယ် ဘုရား) ဟာ နှစ်ထဲ ပြန်သွားရင် . . . (မရနိုင်ပါဘူး) မရဘူး၊ သုံးတက်လာပြန်ပြီ . . . (ရနိုင်ပါတယ်) ရနိုင်တယ်ဆိုတော့ ဒကာကြီးလှိုင်ရေ ဒီဥစ္စာ လေးလေးစားစား ပြောနေတာ အဓိပ္ပာယ် . . . (မှန်ပါ့)။

စကေား ကိုက်ပြောနေတာပါ . . . (မှန်ပါ့) ရှေးတရားလို့ မှတ်မနေနဲ့ (မှန်ပါ့) ရှေးတရားလို့ မှတ်မနေပါနဲ့တဲ့၊ စကေားကိုက် သုံးနေတာပါတဲ့ ဒီဥစ္စာ၊ ဖြစ်ပျက်ကို နှလုံးမသွင်းနိုင်တဲ့အချိန်၊ ဖြစ်ပျက်ကို မမုန်းတဲ့အချိန်၊ ဖြစ်ပျက်ကို မဆုံးတဲ့အချိန်၊ ဆုံးပြီးတဲ့ ပုဂ္ဂိုလ် ကတော့ ဒီအထဲ ပြန်မရောက်ပါဘူး . . . (မှန်ပါ့)။

ငါသည် ဖြစ်ပျက်မြင်ကာမျှ ပုဂ္ဂိုလ်လောက် ဆိုလို့ ရှိရင်ဖြင့်၊ အနိစ္စမြင်ကာမျှ ပုဂ္ဂိုလ်လောက်ဆိုရင် မောင်နိုင်ရေ၊ မလုပ်ပဲနေတဲ့ အချိန်နှစ် ပြန်ဆင်းတယ် . . . (မှန်ပါ့) လုပ်ရင်သုံး ပြန်တက်တယ် . . . (မှန်ပါ့)။

ဒါက ဗုဒ္ဓုပ္ပါဒဒုလ္လဘာ၊ ခဏာ ဒီတစ်ခဏာ၊ ဒီ သုံးခုနဲ့ ကြုံတဲ့ ခဏာသာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တာကိုး (မှန်ပါ့) ဒီသုံးခုက လွဲလို့ ဟိုရှစ်ခုဆိုရင် မောင်နိုင် . . . (မရတော့ပါဘူးဘုရား)။

ဒါဖြင့် ဒီသုံး ခဏာထဲမှာ တောင်မှ၊ နှစ် ခဏာထဲတင် လမ်းဆုံးနေတာက၊ ကျုပ်တို့အသက်ပိုင်းက အတော် ကုန်ခဲ့တယ် . . . (မှန်ပါ့) ဒကာ၊ ဒကာမတွေ ဘယ့်နှယ်ဆိုကြမတုံး . . . (အသက်ပိုင်းက အတော်ကုန်ခဲ့ပါတယ်ဘုရား)။

## သာသနာ့ကုန်းပေါ် ရောက်နေပြီ

တစ်ခါ သုံးထဲက သုံးထဲမှာ ဆရာကောင်း၊ သမားကောင်းနဲ့ ကြုံပြီး သကာလ၊ ဆရာဘုန်းကြီးက ကယ်တင်လို့ ခင်ဗျားတို့ ခုကုန်းပေါ် သာသနာ့ကုန်းပေါ် ရောက်ပြီး သကာလ လာတဲ့အချိန်မှာ တောင်မှ ပြန်ပြန် ဆင်းဦးမယ်ဆို လို့ရှိရင်ဖြင့်တဲ့၊ နဂိုက နှစ်နေတဲ့ ဥစ္စာ၊ နှစ်ထဲ ပြန်ပြန်သွားတဲ့ အချိန်ကော ကောင်းကောင်း ကျေနပ်ပလား . . . (ကျေနပ် ပါတယ် ဘုရား)။

ကိုင်း မပြန်နဲ့တော့ မောင်နိုင်ရ . . . (မှန်ပါ့) ပြန်လို့ ရှိရင် ဘုရားသာသနာကြုံခြင်း၊ လူဖြစ်ခြင်း၊ သဘောကျပလား . . . (ကျပါတယ်ဘုရား) အင်း ဘုရား သာသနာလည်း ကြုံတယ်၊ လူလည်းဖြစ်တယ် ဆိုတော့၊ အင်း တိတ္ထိကြီးတွေ ဘုရားသာသနာနဲ့ကော မကြုံဘူးလား . . . (ကြုံပါတယ်)။

လူကော မဖြစ်ဘူလား . . . (ဖြစ်ပါတယ်) အကုန် အပါယ် သွားကြတယ် . . . (တင်ပါ့) မသွားပေဘူးလား . . . (သွားပါတယ် ဘုရား)။

အင်း ဖားနတ်သား တို့ကျတော့ ဘုရား သာသနာ ကြုံတယ်၊ သုဂတိလည်း ရောက်တာဘဲ၊ မဂ်ဖိုလ်တော့ မရပါဘူး . . . (မှန်ပါ့) အသစ်တက်ရမှာ နောက်မှ ရရ မှာပေါ့လေ၊ ခု မရနိုင်တာ သဘောကျပလား . (ကျပါတယ်)။

ဒါဖြင့် အလုပ်လုပ်တဲ့ အချိန်-သုံး . . . (မှန်ပါ့) အလုပ် မလုပ်တဲ့ အချိန် . . . (နှစ်ပါဘုရား) နဂိုက နောက်က ဒကာ၊ ဒကာမတွေ အလုပ်မလုပ်တဲ့ အချိန် . . . (နှစ်ပါဘုရား) အလုပ်လုပ်တဲ့ အချိန် . . . (သုံးပါဘုရား)။

ကဲ သုံးဆိုလို့ ရှိရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရမယ် . . . (မှန်ပါ့) နှစ်ကို စမ်းဆင်းနေရင် . . . (မရနိုင်ပါဘူးဘုရား) မရနိုင်ပါဘူးဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

ဪ. . . ဒါဖြင့် တော်တော် ဆုံး မချက် စေ့စပ်တာလား၊ ဘုရားကိုယ်တိုင်က ဒီအတိုင်းလား မေးလို့ရှိရင်၊ အားလုံး ဒကာ၊ ဒကာမ ဘယ်လိုဖြေမတုံး . . . (ဘုရားကိုယ်တိုင်က ဒီအတိုင်းပါဘုရား) ဒီအတိုင်းပါပဲနော်။

ဒီ နှစ်ထဲဆင်းသွားမယ်၊ ဆင်းရင်း မတွေ့နဲ့ သေသွားမယ် မောင်နိုင်၊ မဂ်မရပဲနဲ့သေရမယ် . . . (မရနိုင်ပါဘုရား) သုံးထဲတက်လာပြီး သကာလ နေတုန်းတောင်မှ ဒကာ၊ ဒကာမတွေ သုံးကလည်း ဒီ. . . ဖြစ်ပျက် မြင်တယ်၊ ဖြစ်ပျက် မုန်းတယ်၊ ဖြစ်ပျက် ဆုံးတယ်ဆိုမှ ဒီ သုံးကလည်း လမ်းဆုံးတာကိုး . . . (မှန်ပါ့)။

**ငါသည်၊ သုံးပြည့်တဲ့လူလား**

နို့မဟုတ်ရင် ဆုံးပါ့မလား. . . (မဆုံးပါဘူးဘုရား)။ အဲဒါတွေအကြီးအကျယ် အသေအချာ ဝေဖန်လိုက်တဲ့အချိန်ကျမှ၊ ငါ - နှစ်သမားလား၊ သုံးသမားလားဟနော်။

တစ်ခဏတော့ ငါလုပ်ခဲ့တယ်၊ တစ်နေရာကတော့ ငါလွတ်ပြီ၊ ကျွတ်ပြီ . . . (မှန်ပါ့) သုံးအကွက်တော့ သုံးခဏလေးတော့ ငါဝင်လာပြီဟ၊ ဝင်လာငြားသော်လည်း ငါသည်သုံးပြည့်တဲ့ လူလား၊ နှစ်လောက်နေတဲ့ ပုဂ္ဂိုလ်လား ဆိုတာ၊ ကိုယ့်ဟာကိုယ် စစ်ဆေးရင် ဦးဘကလေး စကေးကိုက် ထွက်လာမယ်. . . (မှန်ပါ့)။

မခက်ပေဘူးလား. . . (ခက်ပါတယ်ဘုရား) ရှင်းကြပလား. . . (ရှင်းပါတယ်ဘုရား)။ ဒါဖြင့် ဒကာဒကာမတို့ ဒီဉစ္စာ သာမညအရေးမို့ ဆရာဘုန်းကြီးပြောနေတာလားတဲ့၊ ခင်ဗျားတို့ရှစ်ဌာနက အတက်ကြီးတက်လာခဲ့ရတာလား. . (ရှစ်ဌာနကအတက်ကြီးတက်လာရတာပါဘုရား)။

ရှင်းကြလား. . . (ရှင်းပါပြီဘုရား) ဘယ်က တက်လာခဲ့ရတုံး . . (ရှစ်ဌာနကပါဘုရား) ရှစ်ဌာနက အတက်ကြီး တက်လို့ခု ဘုရားသာသနာနဲ့ကြုံတယ်၊ . . . လူကော . . . (ဖြစ်ပါတယ်ဘုရား) ဖြစ်တယ်ဆိုတော့ တက်လာတာ မသေချာဘူးလား (သေချာပါတယ်)။

တက်ပင်တက်ပြား သော်လည်း တဲ့ သုညတ မပါလို့ ရှိရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် . . . (မရပါဘူးဘုရား) မရတော့ ဒီ သုညတ·အလုပ်ကိုဖြင့် ဒကာ၊ ဒကာမတို့ ကြံရုံနဲ့မပြီး၊ သုညတ ဝင်မှ ပြီးတော့မယ် ဆိုတာကို လည်း ဆုံးဖြတ်ချက်ချရဦးမယ် . . . (မှန်ပါ့) သဘောပါကျပလား . . . (ပါပါတယ်ဘုရား)။

## ဘာအရေးကြီးပါလိမ့်

ဘာအရေးကြီးပါလိမ့် . . . (သုညတ ဝင်မှပါဘုရား) ဒီ သုညတက ဒကာ၊ ဒကာမတို့၊ ပုဂ္ဂိုလ် သတ္တဝါ ဆိတ်တဲ့ သုညတနော် (မှန်ပါ့) အင်း ဒီ သုညတကလည်း ဘုရား သာသနာလည်းရှိမှ ဒီသုညတက၊ လူရယ်လို့လည်း ဖြစ်ပါဦးမှ . . . (မှန်ပါ့)။

သုညတ ထောင်နိုင်တဲ့ နားကလည်း ရှိပါဦးမှ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ် ဘုရား) ဒါဖြင့် ဘုရားသာသနာနှင့် ကြုံခြင်း၊ လူဖြစ်ခြင်း၊ ပညာရှိ ဖြစ်ခြင်း . . . (မှန်ပါ့) ဤသုံးချက် မစုံရင် ရကိုမရဘူး . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒီသုံးချက်စုံပါရဲ့ အာဠာရ၊ ဥဒကတို့လို အသေ စောရင်လည်း . . . (မရနိုင်ပါဘူး ဘုရား) ဩော် မရမှာက

သိပ်များ ဦးခန့်ရ . . . (များပါတယ်ဘုရား) သဘော ကျပလား . . . (ကျပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် ဒီအချိန် ဘာအချိန်ပါလိမ့် မတုံးလို့ မေးဖို့အကွက် ဆိုက်လာတယ် . . . (ဆိုက်ပါတယ်ဘုရား) ဒီအချိန် ဘာအချိန်ပါလိမ့်မတုံးဆိုတော့၊ ဩော် . . . ဘုရား သာသနာ ကြုံပါတယ် ဘုရား၊ တပည့်တော်တို့ အငပါင်း လည်း လူယောက်ျား၊ လူမိန်းမ ဖြစ်နေကြပါတယ် ဘုရား၊ ဟုတ်လား။

သုညတ တရားကိုလည်း ဆရာသမားပြောနေတဲ့ အတိုင်း ဝေဒနာတို့ စိတ်တို့ဟာလည်း၊ ပုဂ္ဂိုလ်၊ သတ္တဝါ မဟုတ်ပါဘူး ဘုရား၊ ဓမ္မ သဘောတွေပါ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ဆိတ်သုဉ်းနေပါတယ်၊ လုံးဝမပါ ပါဘူးဆိုတဲ့ ဒီအချိန်ဟာ ဖြင့် အကောင်းဆုံးပဲ . . . (မှန်ပါ့) ဒါဖြစ်ပျက်ရှုရတော့မယ် . . (မှန်ပါ့)။

ဒါ ဖြစ်ပျက် ရှုလိုက်လို့ ရှိရင်ဖြင့် နှစ် ပြန်မဆင်းတဲ့ အချိန်ပဲ . . . (မှန်ပါ့) အင်းကိုယ့်အိမ် ကိုယ့်ရွာရောက်သွားပြီ ဆိုမှဖြင့်၊ ဒီ သုညတ သုညတ အလုပ်ကိုမလုပ်ပဲနဲ့၊ ဘုရား သာသနာ ကြုံကာမျှနဲ့ လူဖြစ်ကာ မတ္တပဲ ဆင်းသွားပြန်ရော . . . (မှန်ပါ့)။

ဘယ်လောက် စိုးရိမ်စရာကောင်းတုံး . . . (ကောင်းပါတယ်ဘုရား) သဘောကျပလား. . . (ကျပါတယ်ဘုရား) ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ သုညတလည်းဆုံးအသေကလည်း မစောသေးတော့. . . ကြိုးကြိုးစားစားနဲ့ အတက်ကြီးတက်လာခဲ့ ရတာဖြင့်. . . အရှုံးတော့ဖြင့် မပေးတော့ပါဘူးဟ . . . လုပ်ပါတော့မယ် ဆိုပြီးဒီကနေခုန်ဆင်း ဒါဖြစ်သွားတော့မှာကိုး. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒီခု ကိုးထဲမှာရောက်တယ်. . . ကိုးကလည်း သုံးပဲဆိုကြပါစို့. . . (မှန်ပါ့) နံပါတ်လိုရေတော့ကိုး. . . ကိုးမှာလည်း အင်္ဂါသုံးချက်ရှိတယ်. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ကိုးမှာ အင်္ဂါဘယ်နှစ်ချက်ရှိ. . . (သုံးချက်ရှိပါတယ်ဘုရား) သုံးချက်ရှိတယ်ဆိုတာကော သဘောပါပလား. . . (ပါပါတယ်ဘုရား) အဲဒီသုံးကလွတ်သွားရင် တပည့်တော်တို့ဘယ်များသွားရမှာပါလိမ့်မတုံး ဘုရားလို့မေးကြရင် ဒကာဒကာမတွေ ဘယ်လိုဖြေပါ့မတုံး. . . (ရှစ်သွားမှာပါဘုရား)

ရှစ်ဆိုတော့ ဒကာ ဒကာမတွေ ရုပ်နာမ်မစုံ ဗြဟ္မာဘုံလည်းသွားမယ်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာကော. . . (သွားမှာပါဘုရား) မိစ္ဆာဒိဋ္ဌိ လူမျိုးကော. . . (သွားမှာပါဘုရား)

အင်း ဒကာ ဒကာမတို့ ထောင်တတ်တဲ့ နားမပါတဲ့ အဖြစ်တွေကော. . . (ရှိပါတယ်ဘုရား) အင်း ဘုရားသာသနာမရှိတဲ့ အခါမှာကော (ကြုံပါတယ်ဘုရား)။

## နဝမ ခဏဆိုတာ

အဲ ဒကာ၊ ဒကာမတို့ ကိုးနံပါတ်က နေပြီးသကာလ နဝမ ခဏဆိုတာဒါပါပဲ. . . (မှန်ပါ့) ကိုးနံပတ်ပါပဲ . . . ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့၊ ဒါလေးဟာ ဆရာဘုန်းကြီး ကအင်္ဂုတ္တိုရ်က နေပြီးသကာလ၊ ဒကာ ဒကာမတွေ အရေးတကြီး ပြောချင်တာလေးဟာက၊ ဘာလို့ စေတနာ၊ မေတ္တာ ကရုဏာတွေ ထွားကြိုင်းလာလို့ ဒီအသုံး သုံးပါလိမ့်မလဲလို့ မေးဖို့မလိုဘူးလား. . . (လိုပါတယ်ဘုရား)။

ဒီခဏလေးကို သုံးကနေပြီး သကာလ နှစ်ချည်းပြန် ဆင်းမှာ၊ သုံးပြည့်ရာကနေပြီး နှစ်ဖက်ပြန်ဆင်းမှာ စိုးရိမ်လို့ (မှန်ပါ့) ဘယ်လိုဆိုကြပါ့. . . (သုံးကနေပြီးနှစ်ပြန်ဆင်းမှာ စိုးရိမ်လို့ပါဘုရား)။

စိုးရိမ်သင့် မစိုးရိမ်သင့်. . . (စိုးရိမ်သင့်ပါတယ် ဘုရား) သုံးက နှစ်ဖြစ်ရင် မောင်နိုင်မက်ရ မရ. . . (မရပါဘူး ဘုရား) ဦးဘလေး. . . (မရပါဘူးဘုရား) ဒကာကြီးလှိုင်. . (မရဘူးဘုရား) မရနိုင်ဘူးတဲ့။

သုညတ တရားမနာရလို့ ရှိရင်၊ ဘယ်မှာ သုညတ တရားအားမထုတ်ရလို့ရှိရင်၊ မောင်နိုင်ဘယ်ကလာ မဂ်ဖြစ်မှာတုံး(မဖြစ်ပါဘူးဘုရား)။

ဖြစ်ပျက်ဆိုမှ သုညတ. . . (မှန်ပါ့) ဖြစ်ပျက်မြင်မှမဂ်ဆိုမှသာလျှင် မဂ်ပေါ်လာတာ. . . ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## သုံးကနှစ်ကိုဆင်းနေကြတယ်

ဒါဖြင့် ဒကာ၊ ဒကာမတို့ တို့သည်ကားလို့ ဆိုရင်အိမ်မှာအဝတ်ချုပ်နေတယ်၊ ဥပမာမှာ ဘာအရောင်း အဝယ်လုပ်နေတယ်၊ ချက်ပြုတ်ပြီးစားနေတယ်. . . ဧည့်သည် စောင်သည်တွေနဲ့ အမျိုးမျိုးအဖုံဖုံ မအားမလပ်တွေနဲ့ နေကြထိုင်ကြတဲ့အခါ၊ ဟ. . . ဒီဒကာ၊ ဒကာမတွေ ဘာလုပ်နေတာတုံးမေးလို့ရှိရင်သုံးက နှစ် ခုန်ဆင်းနေတာ. . . (မှန်ပါ့)။

ဘယ်လိုဖြေကြမယ်. . . (သုံးကနှစ်ခုန်ဆင်းနေတာပါဘုရား) ဘာဖြစ်လို့ ခုန်ဆင်းတာတုံးဆိုတော့ ဒုက္ခ မသိမ်းချင်လို့ဘုရား(မှန်ပါ့) အဓိပ္ပာယ်ဒီရောက် မရောက်. . . (ရောက်ပါတယ်ဘုရား)။

အံမလေး ဒုက္ခမသိမ်းချင်တဲ့လူများကွာ မောင်နိုင်ရဲ့ ဒုက္ခပွဲ့ပိုက်ပြီး သကာလ နေချင်တယ်၊ ဒုက္ခဖြင့် မသိမ်းပါရ

စေနဲ့ဆိုတာ တော်တော်ရှုးလို့ တော်တော်အလို့ပဲဟော့ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဘယ်လိုဆိုကြမယ်. . . (တော်တော်ရှုး၊ တော်တော် အလို့ပါဘုရား) တော်တော်ရှုး တော်တော်အလို့ပဲဆိုတော့ ဒကာ ဒကာမတွေ နာကြလား ခင်ဗျားတို့က . . (မနာပါဘူး ဘုရား) မနာနဲ့ ကိုယ့်ဖြစ်စဉ်က ဒီအတိုင်းလို့ မှတ်လိုက် စမ်းပါ. . (မှန်ပါ့)။

မနာပါနဲ့၊ ကိုယ့်ဖြစ်စဉ် ဒီအတိုင်းဆိုတာ ကောင်းကောင်းကျေနပ်ပလား . . . (ကျေနပ်ပါတယ်) အတော်ဆိုးဝါးနေတဲ့ အမိပွါယ်ကောပေါ်ပလား . . (ပေါ်ပါ ပြီဘုရား)။

ကိုင်း ဒါဖြင့် ဘယ်နှစ်ဌာနက ဤနေရာဌာနဖြစ်တဲ့ ကိုးခုမြောက်တက်ခဲ့ရပါလိမ့်မတုံး၊ ဘယ်နှဌာနလွတ်လို့ ဒီနေရာရောက်လာပါလိမ့်မတုံး၊ အကဲခတ်လိုက်စမ်း . . . (ရှစ်ဌာနပါဘုရား)။

## ခဲခဲယဉ်းယဉ်းတက်လာခဲ့ရတာ

ဩော် ရှစ်ဌာနကလွတ်ပြီး ကိုးထဲတက်လာတယ်. . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား) သာမညတက်ခဲ့ရတာလား ဒကာ ဒကာမတို့ . . (မဟုတ်ပါ

ဘူးဘုရား) ခဲခဲယဉ်းယဉ်းတက်ခဲ့ရပါတယ်. . (မှန်ပါ့)။

နောက်ကဒကာ ဒကာမတွေ ဘယ်လိုများတက်ခဲ့ရပါလိမ့်. . . (ခဲခဲယဉ်းယဉ်း တက်ခဲ့ရပါတယ်ဘုရား) ခဲခဲယဉ်းယဉ်းတက်ခဲ့ရတာ ကောန်ပဲလို့ဆိုလို့ရှိရင်ဖြင့် မလွဲတော့ဘူးပေါ့ဗျာ. . . (မှန်ပါ့) ရှင်းပလား . . (ရှင်းပါပြီဘုရား)။

ဒါတွေကလည်း၊ ဟောဒီ အသညသတ်ဘုံဆိုလို့ရှိရင် ကမ္ဘာငါးရာ. . . (မှန်ပါ့) သူပြည်ရောက်သွားရင် ကမ္ဘာငါးရာ နေရတယ်၊ ကဲ ဘယ်လောက်ကြာတုံး. (ကြာပါတယ်ဘုရား)

ကမ္ဘာပေါင်းငါးရာတဲ့ ဒကာ ဒကာမတို့၊ အဲဒီထဲက ဒီထဲဝင်လာလိုက်ဦး၊ ကမ္ဘာငါးရာကျုပ်တို့ အတော်ကိုနေခဲ့ပြီးပြီ၊ လွတ်လာခဲ့လို့ဆိုတဲ့ အမိပ္ပါယ်ကောမရှင်းဘူးလား . . (ရှင်းပါတယ်ဘုရား)။

## ငရဲမှာသက်တမ်းမရှိဘူး

ဒါဖြင့် ငရဲဆိုတာတော့ ဘယ်လောက်နေရမှာတုံး အို ငရဲဆိုတာ သက်တမ်းမရှိဘူးကွ. . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား) ငရဲဆိုတာဘာပါလိမ့်. . . (သက်တမ်းမရှိပါဘူးဘုရား)။

ကံမကုန်သ၍ ခံကိုးဗျ. . . (မှန်ပါ့) ကံမကုန်သ၍ ခံဆိုတာ သက်တမ်းပါသေးသလား. . (မပါပါဘူးဘုရား)

အင်းအဲဒီသက်တမ်း မရှိရာကလည်း ထွက်လာခဲ့တယ်. . (မှန်ပါ့)။

တိရိစ္ဆာန်ဆိုတာလည်း အင်မတန်ရှည်တာ မရှည်ပေဘူးလား . . (ရှည်ပါတယ်ဘုရား) အဲဒီတိရိစ္ဆာန်ဘဝက တက်လာခဲ့ရတယ်ဆိုတာ တော်တော်တက်ခဲ့ရတယ်. . (မှန်ပါ့) သဘောကျပလား. . (ကျပါပြီဘုရား)။

## ပြိတ္တာမှာလည်းသက်တမ်းမရှိဘူး

ပြိတ္တာဆိုတာကတော့ ဒကာ ဒကာမတွေ သူလည်း သက်တမ်းမရှိဘူးတဲ့ ကံကုန်မှကုန်မှာ. . (မှန်ပါ့) သဘောကျပလား . . (ကျပါပြီဘုရား)။

ငရဲ တိရိစ္ဆာန်၊ ပြိတ္တာ၊ ဟော မိစ္ဆာဒိဋ္ဌိဆိုတော့ ဩော် အလွတ်ကြီး လွတ်ပေလို့ သာသနာတွင်းရောက်လာတယ် (မှန်ပါ့) သဘောကျပလား . . (ကျပါတယ်ဘုရား)။

ကိုင်း ဒါဖြင့်၊ ဒီတောကြား တောင်ကြားဖြစ်တဲ့ လူဖြစ်တဲ့ဘဝမှာပဲ ကျုပ်တို့မလွတ်ဘူးလား . . (လွတ်ပါတယ်ဘုရား) လွတ်တယ်၊ လူရိုင်းတွေ အဖြစ်မှလည်း ကျုပ်တို့ လွတ်လာခဲ့တယ်။

ကံထောင်တတ်တဲ့နားမရှိတဲ့ ဘဝမှာကော. . (လွတ်ပါတယ်ဘုရား) အင်း ဘုရားသာသနာမရှိတဲ့ ဘဝမှာကော.

(လွတ်ပါတယ်ဘုရား) ရှစ်ဌာနကလွတ်တယ်. . (မှန်ပါ့) သဘောပါကြပလား . . (ပါပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ဘယ်နှစ်ဌာနက လွတ်လာပါလိမ့်မတုံး . . (ရှစ်ဌာနကပါဘုရား) ရှစ်ဌာနကလွတ်ခဲ့တယ်ဆိုတော့၊ ဩော်. . တကယ့်လူထူးလူမြတ်၊ ယောကျ်ားထူး၊ မိန်းမထူးတွေဆိုတာကတော့ဖြင့် ပြောဖို့မလိုတော့ပါဘူး . . (မှန်ပါ့ဘုရား) သဘောကျပလား . . (ကျပါတယ်ဘုရား)

## အရောက်ကြီးရောက်လာကြတာ

ဒါဖြင့် ဘယ်ကိုးနံပါတ်၊ ရှစ်ဌာနလွတ်တော့ ကိုးနံပါတ်၊ ကိုးဌာန ကိုးခုမြောက်ဌာနကိုဖြင့် အတတ်ကြီးတက်ပြီး အရောက်ကြီး ရောက်လာတယ်လို့ဆိုကြစို့ (မှန်ပါ့)။

ဘယ်လိုဆိုကြမတုံး . . (ကိုးဌာန ရောက်ပါတယ်ဘုရား) အတော်ကိုတက်လို့ အတော်ရောက်လာတယ်. . (မှန်ပါ့) မရောက်ဘူးလား . (ရောက်ပါတယ်) ကိုးဌာနရောက်တိုင်းဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်ရောက်မှာလား၊ ဟောဒီဒုက္ခတွေလွတ်မှာလားလို့ မေးဖို့မလိုဘူးလား . . (လိုပါတယ်ဘုရား)။

ဟောဒီ ဖြစ်ပျက်ရတဲ့ ဒုက္ခကြီးပေါ့လေ. . (မှန်ပါ့)

ရောက်တိုင်းမဟုတ်ဘူး၊ ကိုးဌာနမှာ အင်္ဂါသုံးပါးရှိတယ် (မှန်ပါ့) သဘောကျပလား . . (ကျပါတယ်ဘုရား)။

ကိုးဌာနက ဘုရားသာသနာနဲ့လည်း . . (ကြုံရမှာပါ ဘုရား) အင်း လူကော. . (ဖြစ်ရမှာပါဘုရား) ဖြစ်ပင်ဖြစ် ငြားသော်လည်း ပညာမဲ့ဖြစ်နေ၊ သုညတမနာနိုင်တဲ့ ပုဂ္ဂိုလ် ဖြစ်နေရင် မောင်နိုင်. . (မရနိုင်ပါဘူးဘုရား)။

မရနိုင်တော့ ဒကာ ဒကာမတို့ ကိုယ့်ဘဝလေးဖြင့် ကိုယ်နှမျောသင့်ပါတယ်ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ စိန်တွေ၊ ကျောက်တွေ၊ မြတွေ၊ ပတ္တမြားတွေ အပေါ်မှာ မနှမျောချင် နေပါ (မှန်ပါ့)။

ဒီဟာဖြင့် အတက်ကြီးတက်လာခဲ့ရလို့ ဟင်း . . . (မှန်ပါ့) အလုပ်ကြီးလုပ်ပြီး အကျွတ်ကြီးကျွတ်ပြီးသကာလ၊ ထွက်ရပ်လမ်းပေါက်မဲ့ အချိန်ကလေးကိုဖြင့်၊ အလွဲသုံးစားမ လုပ်လိုက်ပါနဲ့ဆိုတဲ့ အဓိပ္ပာယ်ကို၊ ရှင်းရှင်းလင်းလင်းနဲ့ပဲ မေတ္တာရပ်တယ်. . (မှန်ပါ့) သဘောကျပလား . (ကျပါတယ် ဘုရား)။

ရှင်းရှင်းလင်းလင်းနဲ့ မေတ္တာရပ်ပြီးပြောနေပါတယ်ဆို တာ၊ ဒါ သာမညစေတနာလို့ သာမညလို့ ဒီလိုမအောက် မေ့ကြနဲ့ . . . (မှန်ပါ့)။

ဘုန်းကြီးက တိုက်တွန်းရှာတယ်လို့ ဒီလိုအောက်မေ့မနေနဲ့၊ ကိုယ်က ခုန်ဆင်းမှာစိုးလို့ ပြောနေတာ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဘုန်းကြီးက တိုက်တွန်းရှာတယ်၊ သူ့ဆီရောက်လို့ရှိရင်ဖြင့် ကောင်းစေချင်လွန်းလို့ ဒီလိုမျိုးအသံမလာပါနဲ့ (မှန်ပါ့) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## အဖြစ်ဆိုးလို့ပြောနေတာ

ဒါကောင်းစေချင်လွန်းလို့ ဘုန်းကြီးကတိုက်တွန်းရှာတယ် မဟုတ်ဘူး၊ ခင်ဗျားတို့ အဖြစ်ဆိုးလို့ ပြောနေတာ (မှန်ပါ့) ကောင်းစေချင်လွန်းလို့ ဆိုတာကတော့ ပင်ကိုယောကတည်းက ကောင်းစေချင်တာ သေချာပါတယ်(မှန်ပါ့)

ခင်ဗျားတို့ မလုပ်ခဲ့သော်၊ ဒီရှစ်ဌာနကိုပြန်ဆင်းရမယ် (မှန်ပါ့) ဘယ်တော့မှ မတက်တော့ဘူး ဆိုတာအောက်မေ့ပါ. . . (မှန်ပါ့)။

ဒါကြောင့် ခဏ ခဏပြောတယ်၊ ကျောက်ခဲရေချပော့နော်. . (မှန်ပါ့) ဒီဘဝပေါ်ရင် ဘယ့်နှယ်ဆိုကြမလဲ (ကျောက်ခဲရေချပါဘုရား) ကျောက်ခဲရေချ ဘယ်တော့မှမပေါ်နိုင်တဲ့ ဘဝဆိုတာသေသေချာချာပဲ၊ ကိုယ်ပိုင်ပစ္စည်းဖြစ်တော့မယ်. . . (မှန်ပါ့)။

မဖြစ်ပေဘူးလား၊ ဖြစ်မှာလား . . (ဖြစ်မှာပါဘုရား) အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည်ကားလို့ ဆိုလို့ရှိရင်ဖြင့်၊ ကိုးကနေပြီးသကာလ ကျန်တဲ့ရှစ်ဌာနထဲ မပြေးသွားရအောင် အရေးသည်ကားလို့ဆိုရင်ဖြင့်၊ ဒီပလ္လင် ပေါ်ကနေပြီး ကယ်တင်နေတာပဲ. . (မှန်ပါ့)။

ကိုယ့်ဟာကိုယ်ခုန်ချရင်တော့ မတတ်နိုင်ဘူးပေါ့ဗျာ . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား) အသေအချာ လုပ်ကြပါ၊ အသေအချာလုပ်ကြပါ၊ ဒီလောက်စေ့စေ့စပ်စပ် ပြောဖို့ လွယ်ကြပါ့မလား . . (မလွယ်ပါဘူးဘုရား)။

ကဲ ကိုယ့်အကြောင်းကော ကိုယ်သိကြပလား . . (သိပါပြီ) ဘယ်နှစ်ဌာနကနေပြီး ဒီနေရာကိုအတက်ကြီး တက်လာခဲ့ရပါတုံး . . . (ရှစ်ဌာနပါဘုရား)။

ရှစ်ဌာနကအတက်ကြီး တက်ပြီးသကာလ၊ ကိုးခု မြောက်ရောက်ငြားသော်လည်း၊ ကိုးမှာ သုံးအင်္ဂါနဲ့နေရမှာ၊ နှစ်အင်္ဂါနဲ့ နေခဲ့တာအသက်ပေါင်း ဘယ်လောက်ရှိတုံးဆိုရင်၊ ဒီအသက်တန်းပဲဘုရား . . . (မှန်ပါ့)။

မွေးကတည်းက၊ မွေးကတည်းက နှစ်နဲ့ချည့်နေလာ တာ (မှန်ပါ့) ဘုရားသာသနာတွင်း သူမွေးပါတယ်၊ လူလည်း ဖြစ်ပါတယ်၊ မဖြစ်ဘူးလား . . (ဖြစ်ပါတယ်ဘုရား)။

သုညတဖြစ်တဲ့ လူပဏ္ဍိတတော့ဖြစ်ရဲ့လား . (မဖြစ်

ပါဘူးဘုရား) အဲ မဖြစ်သေးတဲ့အခါမှာ ဖြစ်လာတဲ့လူပဏ္ဍိတ အရေးကလည်း၊ အတော်လေး သက်တန်းကြီးရင့်လာပြီလား လို့ မေးလိုက်ပြန်တော့၊ မကြာသေးပါဘူးဘုရား . . (မကြာ သေးပါဘူးဘုရား)။

ဦးခန့်ရေ. . . (မကြာသေးပါဘူး) မကြာသေးပါဘူး အငယ်လေးရှိပါသေးတယ်. . . (မှန်ပါ့) ဆိုထိုက် မဆိုထိုက် . . (ဆိုထိုက်ပါတယ်ဘုရား)

အဲဒါတွေ စဉ်းစားကြည့်တော့မှ ဒီလူပဏ္ဍိတလေးက နေ ဒါလေးကလည်း တစ်ခါ ဒကာမတို့ အသေမစောလို့တွေ့ တာလေး (မှန်ပါ့) ဘယ်လိုကြောင့်ပါ. . . (အသေမစောလို့ တွေ့တာပါဘုရား)။

## အသေမစောလို့တွေ့ကြတာ

ဒကာကြီးလှိုင်ရေ ဒကာကြီးလှိုင်နာရတာ ဘယ့်နှယ့် ကြောင့်တုံး . (အသေမစောလို့ပါဘုရား) အသေမစောသေး လို့သေတော့ သေပျော်နေပြီဗျ. . (မှန်ပါ့) ရှစ်ဆယ့်ငါး၊ရှစ် ဆယ့်ခြောက်၊ ရှစ်ဆယ့်ခုနှစ်ဆိုတော့ သေပျော်နေပြီ။

အဲဒါ မစောပေလို့တော်သေးတာ. . (မှန်ပါ့) ရိပ်မိ ပလား . . . (ရိပ်မိပါတယ်ဘုရား) အသက်အတိုင်း နေကြ မယ် ဆိုလို့ရှိရင် ဒီအတိုင်းပါပဲတဲ့၊ သေပျော်နေကြတာ၊ ကိုင်း

ဒါ ဖြင့် ဒကာ ဒကာမတို့ ဒီသုညတကိုပဲ မောင်နိုင်ရေ အရေးတ ကြီးလုပ်ကြစို့ရဲ့ . . . (မှန်ပါ့)။

## ဒီဘဝနောက်ဆုံးပိတ်ဘဝလို့ဆုံးဖြတ်

ကဲ ဘုရားသာသနာနဲ့ကြုံပလား . . . (ကြုံပါတယ်ဘုရား) လူကောဖြစ်ကြရဲ့လား . . (ဖြစ်ပါတယ်ဘုရား) ကောင်းပြီး သုညတ တရားကိုနာလည်း နာပြီးသကာလ၊ လုပ်လဲလုပ်လိုက်ရလို့ရှိရင်ဖြင့်၊ ဒီဘဝ နောက်ဆုံးပိတ်ဘဝလို့ ဆုံးဖြတ်ချက်ချ . . (မှန်ပါ့)။

ဘယ်လိုဆုံးဖြတ်ချက်ချ. . . (ဒီဘဝ နောက်ဆုံးပိတ်ဘဝပါဘုရား) ဒီဘဝနောက်ဆုံးပိတ်ဘဝလို့ ဆုံးဖြတ်ချက်ချလိုက်စမ်းပါ. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်)။

ကောင်းပြီ ဒါဖြင့် နောက်ဆုံးပိတ်ဘဝ အလုပ်စဉ်ကလေးပြကြစို့ဇနော်. . .

မနုဿတ္တဘာဝေါ ဒုလ္လဘော- လူ့ဘဝရခဲတယ်၊ အင်း သဒ္ဓါသမ္ပတ္တိဘာဝေါ ဒုလ္လဘော-အို သဒ္ဓါနဲ့ပြည့်စုံဖို့ရာ သဒ္ဓါကြည်ညိုတာတွေကတော့ လွယ်ပါတယ်ဗျဲ၊ သုညတ ထောင်တတ်တဲ့နားနဲ့ ကြုံဖို့ရာကသာခဲယဉ်းတယ်. . (ခဲယဉ်းပါတယ်ဘုရား)။

## ဒုက္ခသိမ်းမည့်ဘဝ

မခဲယဉ်းဘူးလား . . (ခဲယဉ်းပါတယ်ဘုရား) အင်း ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားသာသနာနဲ့လည်းကြုံ၊ လူကိုယ်တိုင်လည်း ကိုယ်ကိုယ်တိုင်ဖြစ်ပြီး သကာလ နေကြ၊ သုညတနဲ့ပြည်စုံတဲ့နားကို ဆရာဘုန်းကြီးကပေးလိုက်လို့ ခင်ဗျားတို့က သုညတအလုပ် လုပ်မယ်ဆိုရင်ဖြင့်၊ ဒီဘဝ ဘာဘဝပါလိမ့် မတုံးလို့ဆို၊ အို. . . ဒုက္ခသိမ်းမဲ့ဘဝ. . . (မှန်ပါ့)။

ဘယ်လိုဆုံးဖြတ်ချက်ချမတုံး . . . (ဒုက္ခသိမ်းမဲ့ဘဝပါဘုရား) ဖြေးဖြေးမှသိမ်းချင်ကြသလား၊ ချက်ချင်းပဲလားလို့ မေးချင်ပါတယ်. . . (ချက်ချင်းသိမ်းချင်ပါတယ်ဘုရား) ချက်ချင်းသိမ်းချင်ရင် လုပ်ရမှာပဲ၊ သူ့ဟာက လုပ်မှ့ရမယ်ဆိုတဲ့ အဓိပ္ပာယ် ရှင်းလင်းသွားပြီ. . . (မှန်ပါ့)။

ဒါအင်္ဂါသုံးခု မောင်နိုင်အသေအချာမှတ်နော်. . . (မှန်ပါ့) မင်းတို့ကြုံနေတာ အင်္ဂါဘယ်နှစ်ခုနဲ့ ပြည့်စုံလို့တုံး . . . (သုံးခုနဲ့ပါဘုရား)

တစ်ကဘာပါလိမ့် . . . (သာသနာနဲ့ကြုံပါတယ်) ဘုရားသာသနာနဲ့ကြုံပါတယ်၊ နှစ်ကဘာပါလိမ့် . (လူဖြစ်တာနဲ့ကြုံပါတယ်ဘုရား) သုံးကဘာပါလိမ့် . . . (သုညတတရားနာနိုင်ပါတယ်) အဲ သုညတ တရားကိုနာနိုင်တဲ့ ပညာရှိဖြစ်တယ်. . . (မှန်ပါ့)

သုညတဟာ ပညာရှိမှ နားနိုင်တာကိုးကွ . . (မှန်ပါ့) ဒိပြင်လူတွေ သွားဟောကြည့်စမ်းပါ့လားမောင်နိုင်၊ ခင်ဗျား ပြောတာ ကျုပ်နားမလည်ပါဘူးဗျာ ပြောမှာပဲ. . (မှန်ပါ့) ပြောကြည့်စမ်းပါ ဦးခန့်ရဲ့ ဆေးကုရင်းလည်ပြီးတော့ . . (မှန်ပါ့)။

## ပြောမည်ကြံရင်လူရွေးပါဦး

ပြော၊ နားမလည်တာကများပါလိမ့်မယ်၊ ဟင်. . . (နားမလည်တာကများပါတယ်ဘုရား) အဲတာ သုညတကို နားမထောင်တော့ မဂ်မဆိုက် ဖိုလ်မဆိုက်နဲ့ ပုဂ္ဂိုလ်ဆိုတာက မထင်ရှားဘူးလား (ထင်ရှားပါတယ်ဘုရား)။

အဲဒါကြောင့် မင်းတို့ပြောမယ်ကြံရင် လူရွေးပါဦးဆို တဲ့ အဓိပ္ပာယ်လည်း ဆရာဘုန်းကြီးက မှာရတယ်. . (မှန်ပါ့) သူကနှစ်နဲ့တင်ပြီးမှာကိုးကွ. . . (မှန်ပါ့) သုံးဘယ့်နှယ်နေတုံး . . (မရပါဘူးဘုရား)။

သုံးမတက်ချင်ဘူး၊ တက်နိုင်တဲ့၊ တက်နိုင်တဲ့ဂုဏ်၊ ပါဝါသတ္တိစွမ်းရည်ကော ရှိပါရဲ့လား . . (မရှိပါဘူး) အဲဒီကျ အောင် အရုပ်ဆိုး အကျည်းတန်နေတော့၊ သြော်. . . သူဘယ်လို ဆုံးဖြတ်ချက်ချမတုံး . . . လူဖြစ်ကာမတ္တပဲ . . . (မှန်ပါ့) ဆိုထိုက်ဘူးလား . . (ဆိုထိုက်ပါတယ်ဘုရား)။

## သုညတ တရား

ဘယ်လိုဆိုကြမတုံး . . (လူဖြစ်တာမတ္တပါဘုရား) လူဖြစ်ကာ မတ္တပဲဆိုတဲ့အဓိပ္ပာယ်ဟာ ရောက်သွားတယ်ဆိုတော့၊ ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ သုညတလေးဟာ ဘာ ကုံးလို့မေးလို့ရှိရင်၊ ခန္ဓာကိုယ်ထဲပေါ်တာဟာ ဘာပါလိမ့်မတုံးလို့မေးတော့၊ မင်းတို့မှာကြည့်လို့ရှိရင်ဖြင့်တဲ့၊ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဆိုတဲ့ ခန္ဓာငါးပါးကြီး စုနေကြတာဟာ၊ ခု တရားနာနေကြတာ ဘယ်သူပါလိမ့်မတုံးဆိုတော့၊ ခန္ဓာငါးပါးပါပဲဘုရား. . (မှန်ပါ့)။

သဘောကျပလား . . . (ကျပါပြီးဘုရား) တရားနာနေတာ ဘယ်သူဘယ်ဝါတွေပါလိမ့် . . (ခန္ဓာငါးပါးပါဘုရား) သြော်. . ခန္ဓာငါးပါးတွေနော် ယောက်ျားတွေ၊ မိန်းမတွေများ အခေါ်သာရှိတယ်၊ တကယ်အထည်တော့ရှိ မဟုတ်ပါဘူး . . . (မှန်ပါ့)။

အခေါ်တော့ဖြင့် ပြောကြတာပေါ့ဗျာ. . (မှန်ပါ့) အထည်ကျတော့ (မရှိပါဘူးဘုရား) သြော်. . မရှိတော့ဘူးဆိုတော့ဒါကသညာနဲ့ ပြောနေတာ. . (မှန်ပါ့)။

သညာနဲ့ပြောနေတာ၊ ပညာနဲ့မရှိတာလေးသိအောင် လက်တွေ့ပဲ၊ ဉာဏ်တွေ့ပဲ စမ်းကြဦးစို့ဆိုတော့ မောင်နိုင်ရဲ့

စားကောင်းတာလေးဟာ ဘာဝေဒနာတဲ့ . . . (သုခဝေဒနာ ပါဘုရား)။

ဒါ ခုချက်ချင်းပေါ်လာပြီ၊ ဒါ ဝေဒနာက္ခန္ဓာလည်း ဟုတ်တယ်. . . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား) သုခဝေဒနာလည်း . . . (ဟုတ်ပါတယ်ဘုရား)။

အဲ ဝေဒနာက္ခန္ဓာလည်း ဟုတ်ပါတယ်၊ ပုဂ္ဂိုလ် သတ္တဝါကော ဟုတ်သေးရဲ့လား . . (မဟုတ်တော့ပါဘူး) အဲ ပုဂ္ဂိုလ်သတ္တဝါလဲမဟုတ်ဘူး ဝေဒနာက္ခန္ဓာပဲ၊ ဝေဒနာက္ခန္ဓာထဲ ကမှ သုခဝေဒနာ ပုဂ္ဂိုလ်သတ္တဝါ မောင်နိုင်ဟုတ်မဟုတ်. . (မဟုတ်ပါဘူး)။

အဲဒီ သူပေါ်လာလို့ရှိရင် ဒါ သုညတသိသွားပြီ. . . (မှန်ပါ့) သဘောကျပလား . . . (ပါပါတယ်ဘုရား) အင်း စားမကောင်းဘူး၊ နာတယ်။ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ ဒကာ ဒကာမတို့ ဘာပေါ်တာတုံး . . (ဒုက္ခဝေဒနာပေါ်တာ ပါဘုရား) ဒုက္ခဝေဒနာပေါ်တာနော်. . . (မှန်ပါ့)။

## ပုဂ္ဂိုလ်သတ္တဝါမပါဘူး

အင်း . . . ယောက်ျားတွေနာတာလား၊ မိန်းမတွေ နာတာလားလို့မေးရင် ဘယ့်နှယ်ဖြေကြမတုံး. . . (မဟုတ် ပါဘူး) ဝေဒနာကနာတာ (မှန်ပါ့) ရှင်းပလား . . (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ပုဂ္ဂိုလ်သတ္တဝါပါမပါ . . . (မပါပါဘူး) အင်း ဒါကြည့်လိုက်၊ ဒါဖြင့်ပုဂ္ဂိုလ်သတ္တဝါ နဂိုကမပါသောကြောင့်၊ ဒကာ ဒကာမတို့ သုခဝေဒနာ၊ ဒုက္ခဝေဒနာ တစ်ခါတလေ မျက်လုံး၊ နား၊ နှာခေါင်း၊ လျှာမှာ ယားလိုက် မြင်လိုက် ဒါတွေ ဥပေက္ခာဝေဒနာ ပေါ်ရမယ်. . . (မှန်ပါ့)။

ဒါ နားလည်းပြီးသားမို့ ဘုန်းကြီးကအထူးမချဲ့တော့ပါဘူး၊ ကဲ- ဒါ ဥပေက္ခာဝေဒနာပေါ်တော့၊ ဒါတွေလည်း ပုဂ္ဂိုလ်သတ္တဝါလား မောင်နိုင်တို့အားလုံး . . (မဟုတ်ပါဘူး) ဘာတွေတုံးကွ. . (ဥပေက္ခာဝေဒနာပါဘုရား)။

ဥပေက္ခာဝေဒနာသက်သက်ပဲ၊ ငါလား၊ သူလား . . မဟုတ်ပါဘူး၊ ဘာတွေတုံး . . (ဥပေက္ခာဝေဒနာပါဘုရား) ဥပေက္ခာဝေဒနာသက်သက်ပဲ ဆိုတဲ့ဥစ္စာသိနေတော့၊ ဩော် ဒါ သုညတ၊ ပုဂ္ဂိုလ်သတ္တဝါ ဒီဝေဒနာထဲမှာ လုံးဝမပါတာဆိုတာကိုး . . . (မှန်ပါ့) ရှင်းကြပလား . . (ရှင်းပါပြီဘုရား)

ပုဂ္ဂိုလ်သတ္တဝါ ဝေဒနာထဲမှာ. . (မပါပါဘူး) လုံးဝမပါတာဆိုတာကိုး ဆိုတာကော အကျေနပ်ကြီးကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား) ကောင်းပြီပုဂ္ဂိုလ်သတ္တဝါမပါတာတော့သိပြီဘုရား၊ တကယ်မပါတာလားဆိုပြီး ဉာဏ်လေးနဲ့တိုက်ကြည့်လိုက်. . . (မှန်ပါ့)

## ငါ၊ သူတပါးဆိတ်သုဉ်းတယ်

ပေါ်တဲ့ဝေဒနာလေး စိုက်ကြည့်လိုက်တော့ ဖျတ်ဆို ပျောက်ထွက်သွားတယ်. . (မှန်ပါ့) ဖျတ်ဆိုပျောက်မထွက်ဘူး လား . . (ပျောက်သွားပါတယ်ဘုရား) ပျောက်ပျက်သွားတဲ့ အခါကျတော့ ဒကာ ဒကာမတွေက၊ ဩော်. . . ငါသူတစ် ပါးမှလည်း ဆိတ်လိုက်တဲ့ဖြစ်ခြင်းရယ်၊ ရှာတောင်မတွေ့ တော့ဘူး . . . (မှန်ပါ့)။

တွေ့သေးရဲ့လား . . . (မတွေ့တော့ပါဘူးဘုရား) ဆတ်ဆိုပျက်သွားတဲ့ အခါကျတော့၊ ငါသူတစ်ပါးကိုတွေ့ သေးရဲ့လား . . . (မတွေ့တော့ပါဘူးဘုရား) ပုဂ္ဂိုလ်သတ္တဝါ ကော. . . (မတွေ့တော့ပါဘူးဘုရား)။

အင်း . . . ဒါဖြင့် သုညတဖြစ်ပေါ်မောင်နိုင်ရေ. . (မှန်ပါ့) ငါဟူသောအဖြစ်မှလည်း . . . (လွတ်ပါတယ်) ဆိတ် သုဉ်းပြီ. . . (မှန်ပါ့)၊ ငါ့ဥစ္စာဟူသော အဖြစ်မှလည်း. . . (ဆိတ်သုဉ်းပါတယ်ဘုရား)။

## ဒီတရားဟာ သုညတ တရား

ဒါကြောင့် ငါ၊ ငါ့ဥစ္စာမှ ဆိတ်သုဉ်းသွားသောကြောင့် ဒီတရားဟာ သုညတ တရား. . . (မှန်ပါ့)၊ ဒါဖြင့် သုညတ ဖြစ်ကဲ့တရားကိုမြင်မှ သုညတနိဗ္ဗာန်သွားနိုင်မယ်. . (မှန်ပါ့)။

သုညတဖြစ်တဲ့တရားကိုမှ မမြင်ဘဲနဲ့ သုညတ နိဗ္ဗာန်ကို သွားချင်လို့တော့. . . (မရပါဘူး)၊ မရဘူး၊ သုညတ-သုညတချင်းမှ ဆက်ရမှာ. . . (မှန်ပါ့)၊ သဘောပါကြပလား. . . (ပါ ပါတယ်ဘုရား)။

ဘာချင်းဆက်ရမှာတုံး. . . (သုညတ-သုညတချင်း ဆက်ရမှာပါဘုရား)၊ အင်း ခန္ဓာက သုညတမဖြစ်လို့ရှိရင်ဖြင့်၊ ခန္ဓာက ခန္ဓာပဲဖြစ်နေဦးမယ်။ ယောက်ျား၊ မိန်းမပဲဖြစ်နေမယ် ဆို သုညတမဖြစ်ဘူး. . . (မှန်ပါ့)။

ထိုကဲ့သို့ သုညတမဖြစ်လို့ရှိရင်ဖြင့်၊ သုညတနိဗ္ဗာန် ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းမှ နိဗ္ဗာန်ရနိုင်မယ့်ဥစ္စာ၊ ရနိုင်ပါဦးမလား. . . (မရနိုင်ပါဘူးဘုရား)။

## သုညတ တရားမနာရရင် နိဗ္ဗာန်မရ

ဒါကြောင့် သုညတ တရားမနာရရင် နိဗ္ဗာန်မရ. . . (မှန်ပါ့) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား) သုညတတရား မနာရရင်. . . (နိဗ္ဗာန်မရပါဘူး ) ဘာဖြစ်လို့ မရတုံးဆိုတော့ ခန္ဓာကသုညတဖြစ်သွားမှ. . . နိဗ္ဗာန်သုညတကို ရောက်မှာကို. . . (မှန်ပါ့)။

ခန္ဓာက သုညတမဖြစ်ဘူး၊ ခန္ဓာက ခန္ဓာဖြစ်နေတယ် ယောက်ျားပဲဖြစ်နေတယ်၊ မိန်းမပဲဖြစ်နေတယ် ဆိုလို့ရှိရင်ဖြင့်

ဘယ့်နှယ်လုပ်ပြီး နိဗ္ဗာန် သုညတဘက် ကူးမတုံး . . . (မကူး ပါဘူးဘုရား)။

ပုဂ္ဂိုလ်ခံနေမှာပဲ၊ သတ္တဝါ ခံနေမှာပဲ . . . (မှန်ပါ့) မခံပေဘူးလား . . . (ခံပါတယ်ဘုရား) ဒါဖြင့် ဒကာဒကာမ တို့ ဒီနေ့တရားဟာ အလွန့်အလွန် အရေးကြီးတဲ့တရား . . . (ကြီးပါတယ်ဘုရား)။

မကြီးကြဘူးလား. . . (ကြီးပါတယ်ဘုရား) သေသေ ချာချာဉာဏ်နဲ့ တွေးပြီး စဉ်းစားကြည့်တော့မှ ဩော် . . . ဒီဥစ္စာ တို့ဘဝလေး အဖိုးတန်လိုက်တာလည်း လွန်လို့ပါလား . . . (မှန်ပါ့)။

တန်တဲ့အထဲကလည်း ဖြည့်စရာလေး ရှိသေးတာ လည်း၊ အင်- တစ်ခုပါလားဆိုတာ သုညတလေးဟာ ဖြည့် ဖြည့် ပေးရတယ် (မှန်ပါ့) လူဖြစ်ကာ မတ္တနဲ့ နိဗ္ဗာန်မရနိုင် . . . (မှန်ပါ့) ဘုရားပွင့်ကာ မတ္တနဲ့ . . . (နိဗ္ဗာန်မရနိုင်ပါ ဘုရား)။

လူဖြစ်ကာ မတ္တနဲ့ (နိဗ္ဗာန်မရနိုင်) သုညတနဲ့ တွဲမိမှ တဲ့ မောင်နိုင်ရေ. . . (မှန်ပါ့) ဘာနဲ့ တွဲရမတုံး . . . (သုည တနဲ့ တွဲရမှာပါဘုရား)။

## မသိကျေနပ်မှုနဲ့မနေလိုက်ပါနဲ့

သုညတနဲ့ တွဲမိတဲ့သဘော ရောက်ပါမှ ဆိုတော့ . . ဪ . . . ကျုပ်တို့ဖြင့် ဒီလောက်ဆို သပျော် နေပျော် ပေါ့လို့ ဒကာဒကာမတွေက တစ်ခါတည်း ဒီ မိမိတို့ အဖြစ်ကလေးကို မသိ ကျေနပ်မှုကလေးနဲ့ မနေလိုက်ပါနဲ့ . . . (မှန်ပ့ါ)။

ဘယ်လို ဆုံးမတုံး . . . (မသိ ကျေနပ်မှုပါဘုရား) မသိကျေနပ်မှုက ရှိသေး . . . (မှန်ပ့ါ) မသိ ကျေနပ်မှုဆိုတာ ကိုယ်မသိလို့ ကျေနပ်နေလိုက်တာ . . . (မှန်ပ့ါ)။

ဒီလောက်ဆို ကျုပ်ဖြင့်ဗျာ၊ သပျော်ပါပြီ၊ ဘာကြောင့်တုံး၊ သားတွေ သမီးတွေလည်း ကြီးကုန်ပြီ၊ သူတို့ဟာတွေနဲ့ သူတို့ ဆိုတော့လည်း ပူစရာ မရှိတော့ဘူး၊ ထိုက်တန်သလောက်ပေး၊ ထိုက်တန်သလောက်လှူနိုင်တန်းနိုင်လို့ ဘာမှလိုလေသေး မရှိတော့ဘူးဆိုတော့၊ သူမသိကျေနပ်နေတာ. . . (မှန်ပ့ါ)။

သိစရာကတော့ဖြင့် သုညတဆိုက်ဦးမှ ရမှာ . . . (မှန်ပ့ါ) ဒီသုညတမပါလို့ရှိရင် မဂ္ဂဖြဟ္မစရိယာကို မဖြစ်ဘူးတဲ့ . . . (မှန်ပ့ါ) ဖြစ်ပ့ါမလား . . . (မဖြစ်ပါဘူးဘုရား)။

## ဖြစ်ပျက်မြင်ရင် သုညတာဖြစ်တယ်

ဒါဖြင့် အင်မတန် အရေးကြီးနေပေါ့ဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား) ဒါကြောင့် ဘုန်းကြီးက အလုပ်တရားမှာတော့ဖြင့် ဒကာဒကာမတို့ ဝေဒနာကြိုက်ရင် ဝေဒနာရှု၊ ဖြစ်ပျက်မြင်ရင် သုညတ ဖြစ်တာပဲ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ် ဘုရား)။

စိတ်ကြိုက်တဲ့ပုဂ္ဂိုလ်က ဘာလုပ်ရမယ် . . . (စိတ် ရှုရမှာပါဘုရား) စိတ်ရှုလို့ ဖြစ်ပျက်မြင်ရင် . . . (သုညတ ဖြစ်ပါတယ်ဘုရား) အဲ စိတ်တွေ့လည်း သုညတ၊ ဖြစ်ပျက် မြင်တော့ သာပြီး သုညတလေးနက်တယ် (မှန်ပါ့) သဘော ကျပလား . . . (ကျပါပြီဘုရား)။

အဲဒီ သုညတကို မြင်လို့ရှိရင်ဖြင့် ၎င်းသုညတကို မုန်း၊ ခန္ဓာသုညတကို ခန္ဓာကဖြစ်တဲ့ သုညတကိုမြင်၊ ခန္ဓာက ဖြစ်တဲ့ သုညတကိုမုန်း၊ ခန္ဓာကဖြစ်တဲ့သုညတဟာ တကယ် သုညဖြစ်သွားလို့ရှိရင် ဒီနေရာ နိဗ္ဗာန်သုည လာဝင်တာပဲ . . . (မှန်ပါ့)။

## သုညတနိဗ္ဗာန်

ခန္ဓာသုညနေရာမှာ ဘာဝင်လာတုံး . . . (နိဗ္ဗာန် သုညတ ဝင်လာပါတယ်ဘုရား) နိဗ္ဗာန်သုညဝင်လာတယ် ဆိုတော့ ဩော် . . . သုည-သုညချင်းမှ ဝင်နိုင်တာကိုး . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

သုညတ - သုညတချင်းမှ . . . (ဝင်နိုင်တာပါ ဘုရား) ဒါမပါလို့ရှိရင် . . . (မရပါဘူးဘုရား) ရှေ့က သုညတ အလုပ်မလုပ်ထားတဲ့ ပုဂ္ဂိုလ်က သုညတ နိဗ္ဗာန် ဝင်လာလိမ့်မယ်လို့ မောင်နိုင် မဉပါဒ်ပါနဲ့ (မှန်ပါ့)။

စိတ်မစောပါနဲ့လို့ ကောင်းသော သတိပေးခြင်းနဲ့ ပေးလိုက်တယ် . . . (မှန်ပါ့) ရှင်းကြလား . . . (ရှင်းပါပြီ ဘုရား) ဒါဖြင့် ဒီနေ့ကောင်းကောင်း ကျေနပ်ပလား . . . (ကျေနပ်ပါပြီ) အင်း ဒါဖြင့် ဒကာဒကာမတို့ နှစ်နဲ့ နေမှ တော်မလား၊ သုံးနဲ့နေမှ တော်မလား . . . (သုံးနဲ့နေမှ တော်မှာပါဘုရား)။

အလကားနေတဲ့အချိန် ဘာပါလိမ့် . . . (နှစ်နဲ့ နေတာပါဘုရား) အင်း အားထုတ်နေတဲ့ အချိန်. . . (သုံးနဲ့ နေတာပါဘုရား) အလကားနေတဲ့ အချိန် . . . (နှစ်နဲ့ ပါဘုရား)။

အဲဒါ နိဗ္ဗာန် ရောက်နိုင်မရောက်နိုင် . . . (မရောက်နိုင်ပါဘူးဘုရား) သုံးဖြစ်ရင် . . . (ရနိုင်ပါတယ်ဘုရား) နှစ်ဖြစ်ရင် . . . (မရနိုင်ပါဘူးဘုရား)။

ဒါ အသေအချာ မှတ်ပါ၊ ငါ အိမ်ကျတော့ စဉ်းစားကြ၊ ငါ့ "နှစ်" အချိန်လား၊ ဒီအချိန် ငါ "သုံး" အချိန်လားဆိုတာ ကိုယ့်ဟာကို စဉ်းစား . . . (မှန်ပါ့)။

နှစ်အချိန်ဆိုရင် နိဗ္ဗာန်မရဘူး . . . (မှန်ပါ့) သုံးအချိန်ဆိုရင် . . . (ရမှာပါဘုရား)။

အဲတော့၊ နှစ်နဲ့သုံးနဲ့ အိမ်တွင် ဝေဖန်ပါတော့ဆိုတာ သတိပေးလိုက်ပါတယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

**ကဲ ယနေ့ ဒီတွင် တော်ကြစို့။**

**သာဓု . . .၊ သာဓု. . .၊ သာဓု။**